# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ်(၂၈၈)




သခင်မြ



ဒီးဒုတ်ဦးဘချို



ဦးဘဝင်း



စဝ်စံထွန်း



မန်းဘခိုင်



ဦးရာဇတ်



ဦးအုန်းမောင်



ရဲဘော်ကိုထွေး



# (၇၈) နှစ်မြောက် အာဇာနည်နေ့



# အရေအတွက်သာမက အရည်အချင်းနှင့် အဘက်ဘက်မှပြည့်စုံသည့် ဆေးပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများဖြစ်အောင် ကြိုးစားလေ့ကျင့်ထမ်းဆောင်သွားကြရန်လို

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်း ဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဖြစ်တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့တက်ရောက် အမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၁၈**

ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်း ဆရာဝန် (သစ်လွင်) များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိ အဖြစ် တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (ရန်ကုန်မြို့)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး ညိုစော၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆေးကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆေးကောင်စီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆရာဝန် (သစ်လွင်)များနှင့် သွားနှင့် ခံတွင်းဆရာဝန်(သစ်လွင်) များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားကျင်းပမည့် မြန်မာကွန်ဗင်းရှင်းစင်တာသို့ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ကျန်းမာရေး ဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ဆေးတက္ကသိုလ်-၁(ရန်ကုန်)မှ ကျောင်းသူများက "မင်္ဂလာပါ" တေးသရုပ်ဖော်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက် မြင့်မားရေးအတွက် စဉ်ဆက်မပြတ် အားပေးလျက်ရှိပြီး ကျန်းမာမှအလုပ်လုပ်နိုင်မည်၊ ကျန်းမာမှပညာသင်ကြားနိုင်မည်ကို အားလုံးနားလည်ကြမည်ဖြစ်**ကြောင်း၊ ကျန်းမာရေးအတွက် အဓိကလိုအပ်သည်မှာ ကာယကံရှင် လူသားများ၏ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးအသိရှိမှုအပေါ်တွင် မူတည်သကဲ့သို့ လူသားတို့သည်သွေးနှင့်သားနှင့် ပတ်ဝန်းကျင်နှင့် နေထိုင်ကြရသည်ဖြစ်သည့်အတွက် ကျန်းမာရေးထိခိုက်မည့် သက်ရောက်မှုများ အနည်းနှင့်အများကြုံကြရမည်ဖြစ်ကြောင်း၊ ယင်းကိုဖြေရှင်းပေးရမည်မှာ ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများက အဓိကဖြစ်ပြီး **လူသားများသက်ရှည်ကျန်းမာရေးအတွက် ဆောင်ကြဉ်းပေးမည့် တာဝန်များ ထမ်းဆောင်ရန် မောင်တို့မယ်တို့ကို တာဝန်ပေးနိုင်ခြင်းအတွက် နိုင်ငံတော်ကိုယ်စား များစွာ ဝမ်းသာအားရရှိရသကဲ့သို့ မင်္ဂလာရှိသည့် နေ့ရက်တစ်ရက်ဖြစ်**ကြောင်းကို ပြောလိုကြောင်း၊ ကမ္ဘာပေါ်တွင်ရှိသည့် နိုင်ငံအသီးသီးက ပြည်သူများ၏ အသက်အန္တရာယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို ကြီးမားစွာ ရိုက်ခတ်စေခဲ့သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးနှင့်အတူ လူမှုရေး၊ စီးပွားရေးနောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းတို့ကို ကာကွယ်ထိန်းချုပ်တုံ့ပြန်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့က အငြိမ်းစားပညာရှင်များအပါအဝင် ကျန်းမာရေးဆိုင်ရာပညာရှင်များ၊ နိုင်ငံအတွင်းရှိ စေတနာရှင်အဖွဲ့အစည်းများ၏ စွမ်းအားများ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း။

**စွမ်းစွမ်းတမံ စောင့်ရှောက်နိုင်ခဲ့**

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များတွင် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးကို အထူးအလေးပေး စောင့်ရှောက်ပေးခဲ့သည်ကို တွေ့ရကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ရင်ဆိုင်ကြုံတွေ့ရသည့် မိုခါဆိုင်ကလုန်းမုန်တိုင်း သဘာဝဘေးနှင့် ၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရုတ်တရက် ရေကြီးရေလျှံမှု သဘာဝဘေးတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးကုသမှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခုနှစ် မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ကျန်းမာရေးဝန်ထမ်းများသည် မိမိတို့ကိုယ်တိုင်ငလျင်ဘေးဒဏ်ကိုခံစားရပြီး ဒုက္ခရောက်နေရသော်လည်း ငလျင်ဒဏ်ခံရသည့် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို နေ့ရောညပါ ဆောင်ရွက်ပေးနိုင်ခဲ့ကြသည်ကို တွေ့ရကြောင်း၊ ပြည်တွင်းပြည်ပ ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ အရေးပေါ်ဆေးကုသရေးအဖွဲ့များ၊ အထူးကုဆေးအဖွဲ့များနှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များဖွဲ့စည်းကာ ကျေးလက်ဒေသအထိ ကွင်းဆင်းပြီး ငလျင်ဒဏ်သင့်ပြည်သူများ၏ ကျန်းမာရေးကို စွမ်းစွမ်းတမံ စောင့်ရှောက်နိုင်ခဲ့သည်ကိုလည်း ဂုဏ်ယူလေးစားဖွယ် တွေ့ရှိခဲ့ရကြောင်း။

**ဝိုင်းဝန်းပူးပေါင်းကူညီ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်များမှ ဒုတိယအချက်ဖြစ်သည့် **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"** ဦးတည်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်ကြောင်း၊ ထို့ကြောင့် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၊ နီးနွှယ်ဆက်စပ်နေသည့် ဌာနဆိုင်ရာများနှင့် ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာရှင်ပရဟိတလူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်မှုစွမ်းအားများဖြင့် အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရေးအတွက်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါဖြစ်ပွားလာပါက အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေးလုပ်ငန်းများကို မိမိတို့နိုင်ငံ၏ အရင်းအမြစ်များအပေါ်မူတည်ပြီး ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည့် မူဝါဒများ၊ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ ပြည်သူများ နေရာထိုင်ခင်း ကောင်းမွန်စွာဖြင့် စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံနိုင်ရေးအတွက် ပြည်သူ့ဆေးရုံများ မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ရောဂါရှာဖွေခြင်းနှင့် အဆင့်မီဆေးကုပေးခြင်း၊ ဆေးဝါးများ၊ ခေတ်မီဆေးပစ္စည်းကိရိယာများ စဉ်ဆက်မပြတ်ဖြည့်ဆည်းပေးခြင်းတို့ကို နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **ပြည်သူ့ဆေးရုံများအနေဖြင့် အရေးပေါ်လူနာများ အချိန်ပြည့်လက်ခံကုသနိုင်ရေးစီမံထားရှိပြီး လူနာများကို တတ်နိုင်သမျှ ကုန်ကျစရိတ်မရှိစေဘဲ စိုက်ထုတ်သုံးစွဲရငွေ လျော့နည်းစေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ "ဆေးရုံတိုင်း ဆရာဝန်ရှိရမည်"** ဟူသည့်အတိုင်း ကျန်းမာရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆေးတက္ကသိုလ် လေးခုမှ ကိုယ်စားလှယ်များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိ ခန့်လွှာများပေးအပ်ရာ တက္ကသိုလ်တစ်ခုမှ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူစဉ်။

❖ **နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် အားပေးလျက်ရှိပြီး ကျန်းမာမှအလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ကို အားလုံးနားလည်ကြမည်ဖြစ်**

*စာမျက်နှာ ၃ မှ*

သစ်လွင်ဆရာဝန်များအနေဖြင့် ယခုမိမိတို့တာဝန်ကျရာ ဆေးရုံများတွင် စတင်ထမ်းဆောင်ကြတော့မည်ဖြစ်သဖြင့် ဝမ်းသာအားရဖြစ်ရပါကြောင်းနှင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

လူတိုင်းသည် သက်ရှည်ကျန်းမာလိုကြပြီး နိုင်ငံတစ်ခုတွင် မည်မျှသက်ရှည် ကျန်းမာကြသည်ကို မျှော်မှန်းသက်တမ်းကို ကြည့်၍ ပြောကြကြောင်း၊ မြန်မာနိုင်ငံရဲ့ မျှော်မှန်းသက်တမ်းသည် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ၆၉ နှစ်ရှိကြောင်း၊ အာဆီယံနိုင်ငံများအနက် အဆင့် ၉ ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါကလည်း အဆင့် ၅ ဖြစ်ကြောင်း၊ မည်သည့်အားနည်းချက်ရှိနေသည်ကို သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားသောက်နေထိုင်ခြင်း၊ ကာကွယ်ဆေးများ ထိုးခြင်း၊ သေနှုန်းများ ချိန်ဆသုံးသပ်ခြင်းစသည်ဖြင့် ကျန်းမာရေးရှုထောင့်အရ ဆောင်ရွက်သင့်သည်များကို ရောက်ရှိတာဝန်ထမ်းဆောင်သည့် ဒေသများတွင် အလေးထားဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

**ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရေးနှင့် မျှော်မှန်းသက်တမ်းမြင့်မားလာစေရေးအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေး ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ လုံလုံလောက်လောက် လေ့ကျင့်မွေးထုတ်ပြီး တာဝန်ပေးရန် အရေးကြီး**ကြောင်း၊ ထို့ကြောင့် အရည်အချင်းပြည့်ဝသည့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာတက္ကသိုလ်၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ်နှင့် တိုင်းရင်းဆေးတက္ကသိုလ်အပါအဝင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း စသည့်တက္ကသိုလ်နှင့်ကျောင်း(၅၃)ခုကို ဖွင့်လှစ်ပြီး သင်ရိုးညွှန်းတမ်းများကို လိုအပ်ချက်နှင့်အညီ ပြုပြင်ပြောင်းလဲပြီး သင်ကြားပေးလျက်ရှိကြောင်း။

ထို့အပြင် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်စဉ်ကာလအတွင်း ဆေးပညာရှင်ဆရာဝန်များကို ပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်ရန် Naypyitaw State Academy တွင် Medical Faculty ကို ၂၀၂၃ ခုနှစ်က စတင်တည်ထောင်ဖွင့်လှစ်ပြီး နှစ်စဉ်လေ့ကျင့်သင်ကြားပေးလျက်ရှိရာ** ယခုအခါ ဆေးပညာ ကျောင်းသားကျောင်းသူ ၁၀၀ ဦး တက်ရောက်ပညာသင်ယူလျက်ရှိကြောင်း။

**မောင်မယ်တို့အနေဖြင့် မိမိတို့၏ အလုပ်သင်သက်တမ်းကာလ အောင်မြင်ပြီးမြောက်ပြီးသည့်နောက်တွင် ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုကို တစ်တပ်တစ်အား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အတွက် ကျန်းမာရေး ဝန်ကြီးဌာနတွင် အလုပ်ဝင်ရောက်ကြသည်ကိုအထူးပင် အားရဝမ်းသာဖြစ်မိကြောင်း၊** ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရမည်ဖြစ်ပြီး မောင်တို့မယ်တို့အပါအဝင် ယင်းအင်အားများသည် ကျန်းမာရေးကဏ္ဍအတွက် မျိုးဆက်သစ်၊ အင်အားသစ်များပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဆေးရုံအသီးသီးနှင့် ကျန်းမာရေးကဏ္ဍအသီးသီးတွင် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ကြရဦးမည်ဖြစ်ကြောင်း၊ အရေအတွက်သာမက အရည်အချင်းနှင့် အဘက်ဘက်မှ ပြည့်စုံသည့် ဆေးပညာရှင်များ၊ ကျန်းမာရေး ဝန်ထမ်းများဖြစ်အောင် ကြိုးစားလေ့ကျင့်ထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း။

မောင်တို့မယ်တို့သည် ရန်ကုန်၊ မန္တလေး၊ မကွေး၊ တောင်ကြီး စသည့် မြို့ကြီးများ၌ ဆေးဘက်ပညာများ သင်ကြားခဲ့သူများဖြစ်သဖြင့် ဖွံ့ဖြိုးမှုအတွေ့အကြုံများစွာ ရရှိခဲ့သူများဖြစ်ကြောင်း၊ ကောင်းမွန်သည့် ဖွံ့ဖြိုးမှုအတွေ့အကြုံများကို ရောက်ရှိတာဝန်ထမ်းဆောင်သည့် မြို့၊ ဒေသများ၌ ပြန့်ပွားမျှဝေဆောင်ရွက်နိုင်ရေးလည်း တတ်စွမ်းသမျှ လုပ်ဆောင်ပေးစေလိုကြောင်း။

**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" ဆိုသည်ကို ဦးထိပ်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက် ရှိ**ကြောင်း၊ လူတိုင်းလက်လှမ်းမီသည့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူလူထု၏ ကိုယ်ပိုင်ငွေကြေးကုန်ကျရမှုသက်သာစွာဖြင့် ရရှိစေရေး အစွမ်းကုန် ကြိုးစားအားထုတ်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန၏ ပြန်တမ်းဝင်အရာရှိများအဖြစ် ယနေ့ခန့်အပ်မည့် မောင်တို့မယ်တို့အနေဖြင့် တာဝန်ကျရာ ဆေးရုံများ၌ ပြည်သူများကို ကိုယ်စွမ်းဉာဏ်စွမ်း အပြည့်ဖြင့် ကုသစောင့်ရှောက်မှုပေးပြီး နိုင်ငံ့အကျိုးပြု ကျန်းမာရေးဝန်ထမ်းကောင်းများဖြစ်ကြစေရန် ဆန္ဒပြုဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

**ခန့်လွှာများပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးတက္ကသိုလ်လေးခုမှ ကိုယ်စားလှယ်များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိ ခန့်လွှာများပေးအပ်ရာ တက္ကသိုလ် တစ်ခုချင်းစီလိုက် ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူးက ဆေးတက္ကသိုလ်နှစ်ခုနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တို့မှ ကိုယ်စားလှယ်များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိ ခန့်အပ်လွှာများပေးအပ်ရာ တက္ကသိုလ် တစ်ခုချင်းစီလိုက် ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ မှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

**ဖြေဖျော်တင်ဆက်**

ဆက်လက်၍ သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသားကျောင်းသူများက "ပေါင်းစည်းနေမည် ထာဝရမြန်မာပြည်" တေးသရုပ်ဖော်သီချင်းဖြင့်လည်းကောင်း၊ ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများက "ပေါင်းစည်းခြင်းမှ အောင်မြင်ခြင်းဆီသို့" တေးသရုပ်ဖော်တေးသီချင်းဖြင့်လည်းကောင်း ဖြေဖျော်တင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများနှင့် ဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်းနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဆေးတက္ကသိုလ်နှစ်ခုနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ကိုယ်စားလှယ်များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိ ခန့်အပ်လွှာများပေးအပ်ရာ တက္ကသိုလ်တစ်ခုမှ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူစဉ်။

## တွံတေးမြို့နယ်အတွင်း သက်မွေးလုပ်ငန်းများ ကြည့်ရှုလေ့လာ

**ရန်ကုန် ဇူလိုင် ၁၈ –** ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တမာတကောကျေးရွာအုပ်စုသို့ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့တို့မှ တစ်နိုင်တစ်ပိုင် သက်န်းချုပ်ရုံများသို့ ကွင်းဆင်းလေ့လာခြင်းကို ဇူလိုင် ၁၆ ရက်က ဆောင်ရွက်ရာ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်နေမှုများကို အားပေးပြီး တမာတကောကျေးရွာအုပ်စုရှိ အသက်(၈၅)နှစ်အထက် သက်ကြီးအဘွားတစ်ဦးအား အလှူငွေထောက်ပံ့ပေးအပ်သည်။ ထို့အတူ ကျေးရွာအတွင်းရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးများအား ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) ပြင်ဆင်ခင်းကျင်းပြသထားရှိမှုများ ကြည့်ရှုစစ်ဆေး

## ဓာတ်ပုံများ၊ အသုံးအဆောင်ပစ္စည်းများအား အညွှန်းဖော်ပြရာတွင် ရေးထိုးသတ်ပုံများ စနစ်ကျမှန်ကန်မှုရှိရန်နှင့် လွယ်ကူရှင်းလင်းစွာ ဖတ်ရှုနားလည်နိုင်ရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ခရီးစဉ်တွင်လိုက်ပါလာသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)နှင့် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) ပြင်ဆင်ခင်းကျင်းပြသထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည်ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)သို့ရောက်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်းစီးနင်းခဲ့သည့် မော်တော်ယာဉ်နှင့် မှတ်တမ်းဓာတ်ပုံများပြခန်း၊ ပန်းခြံ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူ၊ ဗိုလ်ချုပ်၏ ငယ်ဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ နိုင်ငံရေး လောကဘဝ၊ တပ်မတော်ခေါင်းဆောင်ဘဝ၊ နိုင်ငံခေါင်းဆောင်ဘဝ၊ မိသားစုဘဝ မှတ်တမ်းများနှင့် မှတ်တမ်းဓာတ်ပုံများ၊ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၏ နောက်ခံသမိုင်းအကျဉ်း၊ ဧည့်ခန်း၊ အိပ်ခန်း၊ ဘုရားခန်း၊ စာကြည့်တိုက်နှင့် အထူးအစည်းအဝေးခန်းများအတွင်း ခင်းကျင်းပြသထားသည့် ဗိုလ်ချုပ်အောင်ဆန်းအသုံးပြုခဲ့သော အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများ၊ ပန်းချီကားများ၊ ဓာတ်ပုံများနှင့်ပရိဘောဂပစ္စည်းများ၊ ဗိုလ်ချုပ်အောင်ဆန်း ဖတ်ရှုလေ့လာခဲ့သည့် စာအုပ်များနှင့် ဗိုလ်ချုပ်၏ သမိုင်းမှတ်တမ်းများအား ရေးသားထားသော ခေတ်အဆက်ဆက်တွင်ထုတ်ဝေခဲ့သည့် စာအုပ်များအား စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗိုလ်ချုပ်အောင်ဆန်းစီးနင်းခဲ့သည့်မော်တော်ယာဉ်အား ရေရှည်တည်တံ့ ကောင်းမွန်စေရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှေးမူကိုမထိခိုက်စေဘဲ ရှေးဟောင်း မူလလက်ရာများအတိုင်းဖြစ်စေရန်အတွက် ယခင်မှတ်တမ်းဓာတ်ပုံများဖြင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးပြီး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြတိုက်အတွင်းရှိ ဓာတ်ပုံများအား နည်းပညာများအသုံးပြု၍ ထိန်းသိမ်းဆောင်ရွက်ပြီး ယခုထက်ပိုမိုကောင်းမွန် ကြည်လင်ပြတ်သားသည့်ပုံများဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြတိုက်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် လမ်းဘေးဝဲယာရှိ သစ်ပင်များအား အောက်ခြေရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်၊ အမှိုက်သရိုက်များ မရှိစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၌ ပြသထားသည့် ဗိုလ်ချုပ်အောင်ဆန်းစီးနင်းအသုံးပြုခဲ့သည့် WOLSELEY မော်တော်ယာဉ်အား ကြည့်ရှုစဉ်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)သည် မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့သောအိမ်ကို ပြတိုက်အဖြစ် ခင်းကျင်းပြသထားခြင်းဖြစ်ကြောင်း၊ ၁၉၂၁ ခုနှစ်တွင်တည်ဆောက်ခဲ့သောအဆောက်အအုံဖြစ်ပြီး အနောက်တိုင်းဗိသုကာဟန်များ ရောနှောတည်ဆောက်ထားသော ဥရောပပုံစံ အဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် မိသားစုနှင့်အတူ ယခုအိမ်၌ ၁၉၄၅ ခုနှစ်၊ မေလမှ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ လုပ်ကြံခံရသည့်နေ့အထိ နေထိုင်ခဲ့ကြောင်း၊ ပြတိုက်အတွင်း ဧည့်ခန်း၊ ထမင်းစားခန်း၊ အိပ်ခန်း၊ စာဖတ်ခန်း၊ ကလေးများအိပ်ခန်း၊ အထူးအစည်းအဝေးခန်း၊ ဘုရားခန်း၊ ဗိုလ်ချုပ်အောင်ဆန်း အားလပ်ချိန်တွင် စိုက်ပျိုးသော စိုက်ခင်း၊ ဗိုလ်ချုပ်အောင်ဆန်းစီးနင်းအသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် WOLSELEY အမျိုးအစား မော်တော်ယာဉ်နှင့် မှတ်တမ်းဓာတ်ပုံပြခန်းတို့အား ခင်းကျင်းပြသထားရှိပြီး အများပြည်သူများအနေဖြင့် တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ ကျန်နေ့ရက်များနှင့် ဇူလိုင် ၁၉ ရက်တွင် ကျရောက်သည့် အာဇာနည်နေ့တို့တွင် နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များလိုက်ပါ၍ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး) အဆောက်အအုံသို့ ရောက်ရှိကြပြီး အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသည့် သမိုင်းမှတ်တမ်းအထောက်အထား စာရွက်စာတမ်းများနှင့် ဓာတ်ပုံများ ထိန်းသိမ်းထားရှိမှုနှင့် လွှတ်တော်ခန်းမ ထိန်းသိမ်းထားရှိမှုတို့ကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သမိုင်းကြောင်းကို ဖော်ပြလျက်ရှိသည့်ဓာတ်ပုံများနှင့်စာရွက်စာတမ်းများအား ခေတ်မီနည်းပညာများအသုံးပြု၍ ကြည်လင်ပြတ်သားမှုရှိအောင်ဆောင်ရွက်ပြီး ခင်းကျင်းပြသသွားရန်လိုကြောင်း၊ ဓာတ်ပုံများ၊ အသုံးအဆောင်ပစ္စည်းများအား အညွှန်းဖော်ပြရာတွင်လည်း ရေးထိုးသတ်ပုံများ စနစ်ကျမှန်ကန်မှုရှိရန်နှင့် လွယ်ကူရှင်းလင်းစွာ ဖတ်ရှုနားလည်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးများရုံးအဆောက်အအုံအတွင်း လှည့်လည်၍ ဗိုလ်ချုပ်ရုံးခန်းနှင့် အစည်းအဝေးခန်းမအတွင်း ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်များ လုပ်ကြံခံရမှုအား ပြသထားရှိမှု၊ ဓာတ်ပုံပြခန်းအတွင်း သမိုင်းဝင်ဓာတ်ပုံများ ပြသထားရှိမှု၊ သမိုင်းဝင်အထောက်အထားများ ပြခန်းအတွင်း ခင်းကျင်းပြသထားရှိမှုနှင့် အဆောက်အအုံ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အစည်းအဝေးခန်းမအတွင်း၌ ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်များ လုပ်ကြံခံရမှုနှင့် ဗိုလ်ချုပ်အောင်ဆန်း ရုံးထိုင်သည့်နေရာအား မူလခင်းကျင်းထားရှိမှုအတိုင်း ခင်းကျင်းပြသသွားရန်လိုကြောင်း၊ သမိုင်းအထောက်အထား ဓာတ်ပုံများအား ပုံစာအညွှန်းတပ်၍ ဖော်ပြသွားရန်လိုကြောင်း၊ သမိုင်းအထောက်အထား ဓာတ်ပုံများအား ထပ်မံပြုစု၍ ခင်းကျင်းပြသသွားရန်လိုကြောင်း၊ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)အဆောက်အအုံသည် တန်ဖိုးဖြတ်၍မရသည့် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး ပြုပြင်ထိန်းသိမ်းမှုများကို မူလလက်ရာအတိုင်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံ၏ အချို့နေရာများ၌ နိမ့်ကျနေမှုအား ပြန်လည်မြှင့်တင်ထိန်းသိမ်းနိုင်ရေး ပညာရှင်များဖြင့် စနစ်တကျသုတေသနပြု ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝန်ကြီးများရုံး (အတွင်းဝန်ရုံး) အဆောက်အအုံအတွင်း ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျောင်ဝိုင်းလွှန်းကျင်းလုပ်ငန်း ပြန်လည်ဆောင်ရွက်နေသည့်အခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျောင်ဝိုင်းလွှန်းကျင်းလုပ်ငန်း ပြန်လည်ဆောင်ရွက်နေသည့်အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဂျောင်ဝိုင်းကျေးရွာရှိ ဂျောင်ဝိုင်းလွှန်းကျင်းလုပ်ငန်း ပြန်လည်ဆောင်ရွက်နေသည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဂျောင်ဝိုင်းလွှန်းကျင်းသို့ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက ဂျောင်ဝိုင်းလွှန်းကျင်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် လွှန်းကျင်းသမိုင်းအကျဉ်းတို့ကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွှန်းကျင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လွှန်းကျင်းလုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေး၊ လွှန်းကျင်းအား ခေတ်နှင့်လျော်ညီစွာ ပြန်လည်ပြုပြင်ခြင်း၊ စက်ကိရိယာများ ထပ်မံဖြည့်သွင်းခြင်းတို့ကိုဆောင်ရွက်၍ အကျိုးရှိအောင် ဆက်လက်ဆောင်ရွက်သွားနိုင်ရေး၊ သန့်ရှင်းသပ်ရပ်မှုနှင့် ထိန်းသိမ်းမှုများစနစ်တကျဖြစ်စေရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

**ရေယာဉ်အစင်းရေ ၄၉ စင်း လွှန်းတင်ဆောင်ရွက်နိုင်ခဲ့**

အဆိုပါ ဂျောင်ဝိုင်းလွှန်းကျင်းကို ၁၉၈၁-၁၉၈၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ရေလုံလွှန်းကျင်းအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၉၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အတွင်း ရေယာဉ်အစင်းရေ ၄၉ စင်းကို လွှန်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများ ရပ်တန့်ခဲ့ကြောင်း၊ ဂျောင်ဝိုင်းရေလုံလွှန်းကျင်းသည် သက်တမ်းကြာမြင့်ပြီဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုမရှိခြင်းကြောင့် လုပ်ငန်းရပ်နားချိန်ကြာမြင့်ပါက ပျက်စီးဆုံးရှုံးမှုများ ပိုမိုများလာနိုင်သဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်အရ လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မကွေးမြို့အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

မကွေး ဇူလိုင် ၁၈

**မကွေးတိုင်းဒေသကြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။**

ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်ချုပ်သိန်းထွန်းဦး၊ မကွေးတိုင်းဒေသကြီး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးမျိုးမြင့် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ မြားပစ်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဘောလုံးဂိုးသွင်းပြိုင်ပွဲနှင့် ဆန်ကောရွက်ပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေမှုကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လှုပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံများ၊ စာအုပ်အရောင်းဆိုင်များနှင့် ဌာနဆိုင်ရာပြခန်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် အစီအစဉ်ဒုတိယပိုင်းကို အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ နယ်မြေခံတပ်နယ်မှ ဗိုလ်ချုပ်သိန်းထွန်းဦးက အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား လည်းကောင်း၊ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက က အလယ်တန်းအဆင့် ပန်းချီ



ပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်က အမြဲမပြတ်လေ့လာသင်ယူရေး စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသော ကျောင်းသား ကျောင်းသူများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကျောင်းသူက ပြန်လည်သရုပ်ပြသခဲ့သည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

**နေပြည်တော် ဇူလိုင် ၁၈**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

(၂) ရေနံတင်ရေယာဉ်များ၊ အဏုမြူစွမ်းအင်သုံးရေယာဉ်များနှင့် အဏုမြူသဘောအရဖြစ်စေ၊ ပင်ကိုသဘောအရဖြစ်စေ အန္တရာယ်ဖြစ်စေသည့်၊ အခြားသောအန္တရာယ် ဖြစ်စေသည့် သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသည့် ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင်လာသော ရေယာဉ်များသည် နိုင်ငံတော်က ကန့်သတ်ထိန်းချုပ်ပြီး သတ်မှတ်ပေးထားသော ရေလမ်းကြောင်းအတိုင်း သွားလာခြင်း ရှိ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊ နိုင်ငံတကာ သဘောတူစာချုပ်များနှင့်အညီ သတ်မှတ်ထားသည့် ကြိုတင်ကာကွယ်ခြင်း အစီအမံများကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စောင့်ကြည့်စစ်ဆေးခြင်းနှင့် လိုအပ်သည့် စာရွက်စာတမ်းများ သယ်ဆောင်လာခြင်း ရှိ မရှိ စစ်ဆေးခြင်း။

(ခ) နိုင်ငံတော်၏ အတွင်းပိုင်းရေပြင်မှစ၍ သီးသန့်စီးပွားရေးဇုန်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် –

(၁) နျူကလီးယားစွမ်းအင် ဘေးကင်းလုံခြုံစွာ အသုံးချရေးနှင့်စပ်လျဉ်းသည့် နိုင်ငံတော်၏တည်ဆဲဥပဒေများ၊ နိုင်ငံတကာသဘောတူစာချုပ်များ၊ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (International Atomic Energy Agency) ၏ ဘေးအန္တရာယ်ကင်းရှင်းရေး စံချိန်စံညွှန်းများကို နျူကလီးယားစွမ်းအင်သုံး ရေပေါ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများက လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စစ်ဆေးခြင်း၊

(၂) စွန့်ပစ်ခံရေယာဉ် သို့မဟုတ် အန္တရာယ်ရှိသော ရေယာဉ်ပျက်တစ်စီးစီးကို တွေ့ရှိပါက သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးခြင်း၊ ဆယ်တင်ခြင်းနှင့် ရှင်းလင်းဖယ်ရှားခြင်း။

(ဂ) ပင်လယ်ဆိပ်ကမ်းသို့ ဝင်ရောက်လာသောရေယာဉ်အား ပင်လယ်ရေကြောင်း ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ ရေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးခြင်း၊

(ဃ) ရေလမ်းကြောင်းပြအထောက်အကူပြုပစ္စည်းများကို ကာကွယ်စောင့်ရှောက်ခြင်း။

၁၃။ နိုင်ငံတော်၏ပိုင်နက်ပင်လယ်အတွင်းသို့ ခုတ်မောင်းလာသည့် ရေယာဉ်သည် အောက်ပါ သတင်းအချက်အလက်များကို ရေယာဉ်သတင်းအချက်အလက်အစီရင်ခံစနစ်အရ ကမ်းခြေစောင့်တပ်ဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီပေးပို့ရမည်–

(က) ခရီးစဉ်အစီအစဉ်၊

(ခ) တည်နေရာသတင်းပို့ချက်၊

(ဂ) ဦးတည်လမ်းကြောင်းပြောင်းလဲမှုသတင်းပို့ချက်၊

(ဃ) ရောက်ရှိမှုသတင်းပို့ချက်၊

(င) သယ်ဆောင်လာသော ကုန်စည်အမျိုးအစားစာရင်း၊ ခရီးသည်စာရင်းနှင့် ရေယာဉ် အမှုထမ်းစာရင်း၊

(စ) ကမ်းခြေစောင့်တပ်ဖွဲ့က အခါအားလျော်စွာ သတ်မှတ်ထားသော အချက်အလက်များ။

**အခန်း (၇)**

**အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ညစ်ညမ်းမှုတုံ့ပြန်ခြင်း**

၁၄။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ရေပြင်နယ်နိမိတ်အတွင်း အဏ္ဏဝါပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ညစ်ညမ်းမှုတုံ့ပြန်ခြင်းတို့နှင့်စပ်လျဉ်း၍ အောက်ပါတာဝန်များကို ဆောင်ရွက်ရမည် –

(က) နိုင်ငံတကာသဘောတူစာချုပ်များအရ ပေးအပ်ထားသည့် လွတ်လပ်စွာဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင်အောက်ခံမြေထု၊ ပင်လယ်ကြမ်းပြင်အထက်ရှိ ရေထုနှင့် ပင်လယ်ရေမျက်နှာပြင်တို့တွင်ရှိသော အဏ္ဏဝါ သဘာဝသယံဇာတများကို တရားမဝင်စူးစမ်းရှာဖွေခြင်း၊ ဖမ်းယူခြင်း သို့မဟုတ် တူးဖော်ထုတ်လုပ်ခြင်းတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့်ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(ခ) အဏ္ဏဝါပတ်ဝန်းကျင်၊ အဏ္ဏဝါဂေဟစနစ်၊ ရှားပါးမျိုးစိတ်များကို ညစ်ညမ်းစေသည့် သို့မဟုတ် ပျက်စီးဆုံးရှုံးစေသည့် ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း မသင်္ကာဖွယ် တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့်ရေယာဉ် သို့မဟုတ် လူပုဂ္ဂိုလ်ကိုစစ်ဆေးခြင်း၊

(ဂ) စက်မှုလုပ်ငန်း၊ ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံ၊ ပင်လယ်ပြာစီးပွားရေးနှင့် သက်ဆိုင်သောလုပ်ငန်း၊ နျူကလီးယားစွမ်းအင်သုံး ရေပေါ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ စွမ်းအင်တစ်ခုခုကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သော ရေပေါ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ ပင်လယ်ဆိပ်ကမ်း သို့မဟုတ် ရေယာဉ်က ဘေးအန္တရာယ်ဖြစ်စေသော သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသော အငွေ့၊ အရည် သို့မဟုတ် အစိုင်အခဲကို နည်းလမ်းတကျ စွန့်ပစ်ခြင်းမပြုကြောင်း မသင်္ကာဖွယ်တွေ့ရှိပါက သို့မဟုတ် သတင်းရရှိပါက ထိုလုပ်ငန်းရှင်ကိုဖြစ်စေ၊ တာဝန်ရှိသူကိုဖြစ်စေ စစ်ဆေးခြင်း၊

(ဃ) ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ သို့မဟုတ် ပင်လယ်ပြာစီးပွားရေးနှင့် သက်ဆိုင်သော အောက်ပါ လုပ်ငန်းတစ်ရပ်ရပ်ကို တရားမဝင်လုပ်ကိုင်ကြောင်း မသင်္ကာဖွယ်တွေ့ရှိပါက သို့မဟုတ် သတင်းရရှိပါက စစ်ဆေးခြင်း –

(၁) ငါးလုပ်ငန်း၊

(၂) ပုလဲထုတ်လုပ်ရေးလုပ်ငန်း၊

(၃) အဏ္ဏဝါသဘာဝသယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၊

(၄) အဏ္ဏဝါခရီးသွားလုပ်ငန်း သို့မဟုတ် ပင်လယ်ပြင်ကိုအခြေခံသော ခရီးသွားလုပ်ငန်း၊

(၅) ကမ်းလွန်ရေနံ၊ သဘာဝဓာတ်ငွေ့နှင့်ဓာတ်သတ္တုသယံဇာတတူးဖော်ရေးလုပ်ငန်း၊

(၆) ပင်လယ်ရေကြောင်းဆိုင်ရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်ရေးလုပ်ငန်း၊

(၇) ပင်လယ်ရေကြောင်းကုန်သွယ်ရေးလုပ်ငန်း၊

(၈) အဏ္ဏဝါသိပ္ပံဆိုင်ရာသုတေသနလုပ်ငန်း၊

(၉) အဏ္ဏဝါသဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်း၊

(၁၀) ပင်လယ်ရေအောက် သမိုင်းအမွေအနှစ် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်း။

(င) ပင်လယ်ပြာစီးပွားရေးလုပ်ငန်း သို့မဟုတ် ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တောင်းခံပါက သဘောထားမှတ်ချက်ပေးခြင်း၊

(စ) အဏ္ဏဝါအရင်းအမြစ် ထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ခြင်းနှင့် ယင်းနယ်မြေများအတွင်း အဏ္ဏဝါသဘာဝသယံဇာတများ၊ အဏ္ဏဝါပတ်ဝန်းကျင်၊ အဏ္ဏဝါဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊

(ဆ) ရေပြင်နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် သမိုင်းဝင်ပစ္စည်းများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊

(ဇ) အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးတို့နှင့်စပ်လျဉ်း၍ အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဈ) ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားအဆင့် ရေထုညစ်ညမ်းမှုတုံ့ပြန်ဆောင်ရွက်ရေး စီမံချက်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ညစ်ညမ်းမှုတုံ့ပြန်ခြင်းတို့နှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဋ) အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုအတွက် နိုင်ငံတော်ကိုယ်စား လျော်ကြေးတောင်းခံခြင်းဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဌ) အဏ္ဏဝါပတ်ဝန်းကျင်၊ အဏ္ဏဝါဂေဟစနစ်၊ ရှားပါးမျိုးစိတ်များကို ထိခိုက်စေသည့် ဖြစ်ရပ် သို့မဟုတ် ညစ်ညမ်းမှုတစ်ခုခုပေါ်ပေါက်ကြောင်း သတင်းပေးသူ သို့မဟုတ် တုံ့ပြန်ဆောင်ရွက်သည့်အဖွဲ့အစည်းကို ဆုကြေးပေးနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဍ) ရေထုညစ်ညမ်းမှု တုံ့ပြန်ရေးဆောင်ရွက်ရာတွင် လေကြောင်း ပျံသန်းမှုလိုအပ်ပါက သက်ဆိုင်ရာသို့ လေယာဉ်တောင်းခံခြင်း။

**အခန်း (၈)**

**ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေး**

၁၅။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနှင့်စပ်လျဉ်း၍ အောက်ပါတာဝန်တို့ကို ဆောင်ရွက်ရမည် –

(က) အမျိုးသားအဆင့် ရှာဖွေကယ်ဆယ်ရေးစီမံချက်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းပင်လယ်ရေကြောင်းရှာဖွေကယ်ဆယ်ရေး အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေး သတင်းအချက်အလက်များဖလှယ်ခြင်း၊

(ဂ) ပင်လယ်ပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ကင်းလှည့်စစ်ဆေးခြင်း သို့မဟုတ် ရှာဖွေကယ်ဆယ်ခြင်းဆိုင်ရာ လေ့ကျင့်မှုကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများကို အသင့်အနေအထားဖြစ်စေရန် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ရာတွင် လေကြောင်းပျံသန်းမှုလိုအပ်ပါက သက်ဆိုင်ရာသို့ လေယာဉ်တောင်းခံခြင်း။

**အခန်း (၉)**

**ပူးပေါင်းဆောင်ရွက်ခြင်း**

၁၆။ ကမ်းခြေစောင့်တပ်ဖွဲ့သည် –

(က) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် တာဝန်ပေးအပ်ပါက နိုင်ငံတကာပင်လယ်ပြင် (High Seas) တွင်ဖြစ်စေ၊ နိုင်ငံတော်၏စီရင်ပိုင်ခွင့်အာဏာပြင်ပရှိ နေရာတစ်ခုခုတွင်ဖြစ်စေ ပင်လယ်ဓားပြမှု တားဆီးနှိမ်နင်းခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းတို့ကို တပ်မတော်(ရေ)၊ သက်ဆိုင်ရာပြည်တွင်းပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

(ခ) နိုင်ငံတော်၏ကုန်းတွင်းပိုင်းတစ်နေရာရာတွင် လူပုဂ္ဂိုလ်တစ်ဦးဦးက တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပြီး ရေပြင်နယ်နိမိတ်အတွင်းသို့ ထွက်ပြေးတိမ်းရှောင်ကြောင်း သတင်းရရှိပါက ယင်းပြစ်မှုကျူးလွန်သူကို ဖမ်းဆီးခြင်းနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်းပြုနိုင်သည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ပြီး ရေပြင်နယ်နိမိတ်ပြင်ပသို့ ထွက်ပြေးတိမ်းရှောင်သည့် ပြစ်မှုကျူးလွန်သူ သို့မဟုတ် ရေယာဉ်ကိုဖမ်းဆီးရန် ပြည်တွင်းပြည်ပ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံသို့ အကူအညီတောင်းခံခြင်း သို့မဟုတ် အခွင့်အာဏာလွှဲအပ်ခြင်းပြုနိုင်သည်။

(ဃ) ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်မှူး သို့မဟုတ် သက်ဆိုင်ရာအလံတင်နိုင်ငံ၏ တောင်းဆိုချက်အရ နိုင်ငံတကာပင်လယ်ပြင်တွင် ရောက်ရှိနေသော ရေယာဉ်ပေါ်ရှိ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီး၍အရေးယူနိုင်ရန် သက်ဆိုင်ရာနိုင်ငံ၏အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

(င) ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ ကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်ရမည်။

(စ) တပ်မတော်(ရေ)နှင့်ပူးပေါင်း၍ အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို ဥပဒေနှင့်အညီ စစ်ဆေးနိုင်သည်။

(ဆ) ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေး သို့မဟုတ် ရေထုညစ်ညမ်းမှု တုံ့ပြန်ရေးတာဝန်ကို ထမ်းဆောင်ရာတွင် လေကြောင်းပျံသန်းမှု လိုအပ်ပါက လေယာဉ်ရရှိရေးအတွက် သက်ဆိုင်ရာသို့တင်ပြခြင်း သို့မဟုတ် တောင်းခံခြင်း ဆောင်ရွက်နိုင်သည်။

၁၇။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပုဒ်မ ၁၆ ပါ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို နိုင်ငံတော်ကသတ်မှတ်ထားသည့် မူဝါဒများနှင့်အညီ ဆောင်ရွက်နိုင်သည်။

၁၈။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သည့် ပင်လယ်ရေကြောင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များကို ပြည်တွင်းပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများထံမှ တောင်းခံရယူခွင့်ရှိသည်။

၁၉။ ကမ်းခြေစောင့်တပ်ဖွဲ့သည်–

(က) ရေပြင်နယ်နိမိတ်အတွင်း နိုင်ငံခြားရေယာဉ်ပေါ်တွင် လူပုဂ္ဂိုလ်တစ်ဦးဦးက ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သို့မဟုတ် ပြည်ပတွင် ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်လာသူက နိုင်ငံခြားရေယာဉ်တစ်စီးစီးတွင် စီးနင်းလိုက်ပါလာကြောင်း သတင်းရရှိပါက ထိုသူကိုအရေးယူနိုင်ရန် ပြည်တွင်းပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ခ) ပြည်ပတွင် ပြစ်မှုကျူးလွန်ခဲ့သည့် နိုင်ငံခြားရေယာဉ်တစ်စီးစီးသည် ရေပြင်နယ်နိမိတ်အတွင်း ဝင်ရောက်လာကြောင်း ကိုယ်တိုင်သိရှိပါက သို့မဟုတ် သတင်းရရှိပါက အဆိုပါ ရေယာဉ်ကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် လွှဲပြောင်းခြင်းဆောင်ရွက်ရန် သက်ဆိုင်ရာပြည်တွင်းပြည်ပ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နိုင်သည်။

၂၀။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ရေပြင်နယ်နိမိတ်အတွင်း အဏ္ဏဝါပတ်ဝန်းကျင်၊ အဏ္ဏဝါဂေဟစနစ်နှင့် ရှားပါးမျိုးစိတ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ ညစ်ညမ်းမှုကာကွယ်တားဆီးခြင်း၊ ညစ်ညမ်းမှုတုံ့ပြန်ခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာကမ်းခြေစောင့်တပ်ဖွဲ့များ၊ ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာအစိုးရဌာနများ၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၂၁။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကင်းလှည့်စစ်ဆေးခြင်း သို့မဟုတ် ရှာဖွေကယ်ဆယ်ခြင်းဆိုင်ရာလေ့ကျင့်မှုများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

**အခန်း (၁၀)**

**တားမြစ်ချက်များ**

၂၂။ (က) မည်သူမျှ သို့မဟုတ် မည်သည့်ရေယာဉ်မျှ နိုင်ငံတော်၏အတွင်းပိုင်းရေပြင်မှစ၍ သီးသန့်စီးပွားရေးဇုန်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် ပင်လယ်ပြာစီးပွားရေးကို ထိခိုက်ပျက်စီးစေမည့် ပြုလုပ်မှုတစ်ခုခုကို မပြုရ။

(ခ) မည်သူမျှ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေအရ သတ်မှတ်သည့် ဆိပ်ကမ်းနယ်နိမိတ် ပြင်ပရှိ ရေပြင်နယ်နိမိတ်အတွင်းတွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ရေလမ်းကြောင်းပိတ်ဆို့စေနိုင်သော သို့မဟုတ် ရေကြောင်းသွားလာမှုကို ဟန့်တားခြင်း ဖြစ်ပေါ်စေနိုင်သော သို့မဟုတ် တစ်နည်းနည်းဖြင့် ထိခိုက်စေနိုင်သော ရေယာဉ်ကိုဖြစ်စေ၊ ပစ္စည်းတစ်မျိုးမျိုးကိုဖြစ်စေ၊ ရေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သော ပစ္စည်းတစ်မျိုးမျိုးကို ဖြစ်စေ စွန့်ပစ်ခြင်း၊ တစ်နည်းနည်းဖြင့် ရောက်ရှိစေခြင်း သို့မဟုတ် တည်ဆောက်ခြင်း မပြုရ။

(ဂ) မည်သူမျှ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတ်မှတ်ထားသည့် ဆိပ်ကမ်းနယ်နိမိတ် ပြင်ပရှိ ရေပြင်နယ်နိမိတ်အတွင်းတွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်းတံတားတစ်မျိုးမျိုးကိုသော်လည်းကောင်း၊ သင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်းနှင့် လွန်းလမ်းတစ်မျိုးမျိုးကိုသော်လည်းကောင်း တည်ဆောက်ခြင်း မပြုရ။

(ဃ) မည်သူမျှ လူနေထိုင်ခြင်းမပြုရန် သတ်မှတ်ထားသည့် ကျွန်းများတွင် ဝင်ရောက်နေထိုင်ခြင်း မပြုရ။

(င) မည်သူမျှညစ်ညမ်းမှုတုံ့ပြန်ရေးအထောက်အကူပြုပစ္စည်း သို့မဟုတ် ပင်လယ်ပြင် ရှာဖွေကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းကိုဖယ်ရှားခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ ရေတွင်မျှောခြင်း သို့မဟုတ် ခိုးယူခြင်း မပြုရ။

(စ) မည်သူမျှ သို့မဟုတ် မည်သည့်ရေယာဉ်မျှ နိုင်ငံတော်၏ အတွင်းပိုင်း ရေပြင်မှစ၍ ပိုင်နက်ပင်လယ်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် မမှန်ကန်သောအမှတ်အသားကိုဖော်ပြခြင်း၊ တရားမဝင် အလံလွှင့်ထူခြင်း သို့မဟုတ် အတုပြုလုပ်ထားသော စာရွက်စာတမ်းကို သယ်ဆောင်ခြင်း မပြုရ။

(ဆ) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်အတွင်းသို့ ခုတ်မောင်းလာသည့် မည်သည့်ရေယာဉ်မျှ ပုဒ်မ ၁၃ အရ သတ်မှတ်ထားသော သတင်းအချက်အလက်ကို ပေးပို့ရန် ပျက်ကွက်ခြင်း မရှိစေရ သို့မဟုတ် မမှန်မကန်သတင်းပို့ခြင်း မပြုရ။

(ဇ) မည်သည့် ရေပေါ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမျှ ရေပြင်နယ်နိမိတ်အတွင်းတွင် အဏ္ဏဝါပတ်ဝန်းကျင်နှင့် အဏ္ဏဝါဂေဟစနစ်အပေါ် ညစ်ညမ်းမှုဖြစ်စေသည့် သို့မဟုတ် ထိခိုက်ပျက်စီးစေသည့် ပြုလုပ်မှုတစ်ခုခုကို မပြုရ။

**အခန်း (၁၁)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၂၃။ (က) မည်သူမဆို သို့မဟုတ် မည်သည့်ရေယာဉ်မဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျူးလွန်သူ သို့မဟုတ် ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးကို အနည်းဆုံး ထောင်ဒဏ်သုံးနှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) မည်သူမဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။ ထို့ပြင် အဆိုပါပြုလုပ်မှုကြောင့် ပေါ်ပေါက်လာသည့် နစ်နာဆုံးရှုံးမှုကိုလည်းကောင်း၊ အဆိုပါ အရာဝတ္ထုများကို ဖယ်ရှားရှင်းလင်းရသည့် ကုန်ကျစရိတ်ကို လည်းကောင်း ပြစ်မှုကျူးလွန်သူက ပေးလျော်စေရမည်။

(ဂ) မည်သူမဆို–

(၁) ပုဒ်မ ၂၂ ပုဒ်မခွဲ (ဂ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် အဆိုပါ တည်ဆောက်ထားသည့် အရာများကို ပြစ်မှုကျူးလွန်သူက မိမိစရိတ်ဖြင့် သတ်မှတ်ကာလအတွင်း မူလအနေအထားသို့ ပြန်လည်ရောက်ရှိစေရန် ဖယ်ရှားရှင်းလင်းစေရမည်။

(၂) ပုဒ်မခွဲငယ်(၁)ပါ သတ်မှတ်ကာလအတွင်း ဖယ်ရှားရှင်းလင်းခြင်းမပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ပုဒ်မခွဲငယ်(၁)ပါ သတ်မှတ်ကာလစေ့ရောက်သည့်နေ့မှစ၍ အဆိုပါ တည်ဆောက်ထားသည့်အရာများ ဖယ်ရှားရှင်းလင်းပြီးသည့်နေ့အထိ နေ့စဉ် ငွေဒဏ် ကျပ်သိန်း ၁၀၀ စီ ပေးဆောင်စေရမည်။

(ဃ) မည်သူမဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (ဃ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည်။

(င) မည်သူမဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (င) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(စ) မည်သူမဆို သို့မဟုတ် မည်သည့်ရေယာဉ်မဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (စ) ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျူးလွန်သူ သို့မဟုတ် ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ကျပ်သိန်း ၁,၀၀၀ အောက် မလျော့သည့် ငွေဒဏ်ချမှတ်ရမည်။

(ဆ) မည်သည့်ရေယာဉ်မဆို ပုဒ်မ ၂၂ ပုဒ်မခွဲ(ဆ) ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးကို အနည်းဆုံး ကျပ်သိန်း ၅၀၀ မှ အများဆုံး ကျပ်သိန်း ၁,၀၀၀ အထိ ငွေဒဏ်ချမှတ်ရမည်။

(ဇ) ပုဒ်မ ၂၂ ပုဒ်မခွဲ (ဇ) ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုလုပ်ငန်း ပိုင်ရှင်ကိုဖြစ်စေ၊ တာဝန်ရှိသူကို ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲအပ်ခံရသူကို ဖြစ်စေ ညစ်ညမ်းမှု သို့မဟုတ် ထိခိုက်ပျက်စီးမှု ပမာဏအလိုက် ဆုံးရှုံးမှုတန်ဖိုးငွေ၏ လေးဆကို ငွေဒဏ်အဖြစ် ချမှတ်ရမည်။

၂၄။ မည်သူမဆို–

(က) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။ ထို့အပြင် ဖောက်ဖျက်မှုကြောင့် ပေါ်ပေါက်လာသည့် ထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် ပြစ်မှုကျူးလွန်သူက မိမိစရိတ်ဖြင့် သတ်မှတ်ကာလအတွင်း မူလအနေအထားသို့ ရောက်ရှိစေရန် ဆောင်ရွက်ပေးစေရမည်။

(ခ) ပုဒ်မခွဲ(က)ပါ သတ်မှတ်ကာလအတွင်း မူလအနေအထားသို့ရောက်ရှိစေရန် ဆောင်ရွက်ခြင်းမပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ပုဒ်မခွဲ(က)ပါ သတ်မှတ်ကာလ စေ့ရောက်သည့်နေ့မှစ၍ အဆိုပါ ထိခိုက်နစ်နာဆုံးရှုံးမှုများ မူလအနေအထားသို့ ရောက်ရှိရန် ဆောင်ရွက်ပြီးသည့်နေ့အထိ နေ့စဉ်ငွေဒဏ်ကျပ်သိန်း ၁၀၀ စီ ပေးဆောင်စေရမည်။

**အခန်း (၁၂)**

**ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းနှင့် လွှဲပြောင်းခြင်း**

၂၅။ ကမ်းခြေစောင့်တပ်ဖွဲ့သည် နိုင်ငံတော်၏အတွင်းပိုင်းရေပြင်မှစ၍ သီးသန့်စီးပွားရေးဇုန်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် အောက်ပါတားမြစ်ချက် သို့မဟုတ် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်သူကို ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းနှင့် တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်အရေးယူနိုင်ရန်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံသို့ လွှဲပြောင်းပေးခြင်းတို့ကို နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ဆောင်ရွက်ရမည်–

(က) သက်ဆိုင်ရာတည်ဆဲဥပဒေများပါ တားမြစ်ချက်များ၊

(ခ) နိုင်ငံတကာသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များ။

၂၆။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးချုပ်နှောင်ပြီး ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို သိမ်းဆည်း၍ ထိုပြစ်မှုကျူးလွန်သူကို သက်သေခံပစ္စည်းနှင့်တကွ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံသို့ သတ်မှတ်ပုံစံဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် နီးစပ်ရာရဲစခန်းသို့ သတင်းပေးတိုင်ကြားခြင်း ပြုနိုင်သည်။

၂၇။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပုဒ်မ ၂၅ သို့မဟုတ် ၂၆ အရ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းခံရသူက နာမကျန်းသည့်အခြေအနေတွင် သက်ဆိုင်ရာမှတ်ပုံတင် ဆရာဝန်၏ထောက်ခံချက်ဖြင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် ဆေးကုသမှုခံယူခွင့်ပြုနိုင်သည်။

၂၈။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပုဒ်မ ၂၅ သို့မဟုတ် ၂၆ အရ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းခံရသူကို တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ရာတွင် ထိုသူ၏ လုံခြုံရေးအရဖြစ်စေ၊ ကျန်းမာရေးအရဖြစ်စေ လိုအပ်ပါက မိမိ၏အစီအစဉ်ဖြင့် ပို့ဆောင်နိုင်သည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

၂၉။ ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စွပ်စွဲခံရသူသည် နိုင်ငံခြားသားဖြစ်ပါက ဤဥပဒေအရသော်လည်းကောင်း တရားခံလွှဲပြောင်းရေးဥပဒေအရသော်လည်းကောင်း အရေးယူဆောင်ရွက်နိုင်သည်။

၃၀။ ကမ်းခြေစောင့်တပ်ဖွဲ့သည်–

(က) ပြည်ပတွင်ပြစ်မှုကျူးလွန်ပြီး ရေပြင်နယ်နိမိတ်အတွင်းသို့ ဝင်ရောက်နေသော နိုင်ငံခြားသားတစ်ဦးဦးကို စစ်ဆေးတွေ့ရှိပါက တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။

( ခ ) ပြည်ပတွင် ပြစ်မှုကျူးလွန်ခဲ့သည့် နိုင်ငံခြားရေယာဉ်တစ်စီးစီးသည် ရေပြင်နယ်နိမိတ်အတွင်း ဝင်ရောက်နေကြောင်း ကိုယ်တိုင်သိရှိလျှင်ဖြစ်စေ၊ သတင်းရရှိလျှင်ဖြစ်စေ အဆိုပါရေယာဉ်ကို စစ်ဆေးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း သို့မဟုတ် လွှဲပြောင်းခြင်း ကိစ္စရပ်များ ဆောင်ရွက်နိုင်သည်။

**အခန်း (၁၃)**

**အထွေထွေ**

၃၁။ ကမ်းခြေစောင့်တပ်ဖွဲ့သည်–

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သည်ဟု ယုံကြည်ရန်အကြောင်းရှိသော နိုင်ငံခြားရေယာဉ်ကို ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးခွင့်ရှိသည်။

( ခ ) ပုဒ်မခွဲ(က)အရ ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးရာတွင် သင့်လျော်သည့် အင်အားသုံးခွင့် ရှိသည်။

၃၂။ ကမ်းခြေစောင့်တပ်ဖွဲ့ သို့မဟုတ် တပ်ဖွဲ့ဝင်က တာဝန်အရ ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်းအား ဟန့်တားသူကို ရာဇသတ်ကြီးနှင့်အညီ အရေးယူခွင့်ရှိသည်။

၃၃။ ကမ်းခြေစောင့်တပ်ဖွဲ့သည် အဏ္ဏဝါပတ်ဝန်းကျင် ညစ်ညမ်းမှုတုံ့ပြန်ရေးဆောင်ရွက်ရာတွင် ကျိုးကြောင်းဆီလျော်စွာ ဆောင်ရွက်ရသည့်ကိစ္စရပ်များအတွက် ကုန်ကျစရိတ်များကို ညစ်ညမ်းမှု ဖြစ်ပေါ်စေသူထံမှ သတ်မှတ်ချက်နှင့်အညီ ပြန်လည်တောင်းခံခွင့်ရှိသည်။

၃၄။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၅။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို အရေးယူဆောင်ရွက်ခြင်းသည် တရားမကြောင်းအရ တရားစွဲဆိုခြင်းကို ထိခိုက်ခြင်း မရှိစေရ။

၃၆။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ရေပြင်နယ်နိမိတ်အတွင်း တရားမဝင် ဖြတ်ကျော်ဝင်ရောက်မှု အပါအဝင် ပင်လယ်ရေကြောင်းကို အသုံးပြု၍ ကျူးလွန်သောပြစ်မှုများကို တားဆီးနှိမ်နင်းခြင်း၊ သက်သေခံပစ္စည်းများသိမ်းဆည်းခြင်း၊ သက်သေခံပစ္စည်းများကို တရားရုံးသို့တင်ပြခြင်းတို့ ဆောင်ရွက်ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပါ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆီလျော်သရွေ့ ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

၃၇။ ကမ်းခြေစောင့်တပ်ဖွဲ့သည် စွန့်ပစ်ခံရေယာဉ် သို့မဟုတ် အန္တရာယ်ရှိသော ရေယာဉ်ပျက်ကို ဆယ်တင်ခြင်းနှင့် ရှင်းလင်းဖယ်ရှားခြင်းတို့တွင် ဆယ်တင်သူ၏ အခွင့်အရေးကို ရယူခွင့်ရှိသည်။

၃၈။ တပ်ဖွဲ့ဝင်များသည် ဤဥပဒေပါ ကမ်းခြေစောင့်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံများတွင် သွားရောက်တာဝန်ထမ်းဆောင်ခွင့်ရှိသည်။

၃၉။ ကမ်းခြေစောင့်တပ်ဖွဲ့သည်–

(က) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာ ကိစ္စရပ်များတွင်ဖြစ်စေ၊ နိုင်ငံတော်လုံခြုံရေးတွင်ဖြစ်စေ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ အမှုထမ်း၊ အရာထမ်းများကို ကမ်းခြေစောင့်တပ်ဖွဲ့ဝင်အဖြစ် တွဲဖက်တာဝန် ထမ်းဆောင်နိုင်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

( ခ ) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာကိစ္စရပ်တွင်ဖြစ်စေ၊ နိုင်ငံတော်လုံခြုံရေးတွင်ဖြစ်စေ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ အမှုထမ်း၊ အရာထမ်းများကို ကမ်းခြေစောင့် [illegible] တာဝန်ထမ်းဆောင်နိုင်စေရန် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၄၀။ ကမ်းခြေစောင့်တပ်ဖွဲ့သည် မိမိ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် လိုအပ်သည့် ပြည်တွင်းပြည်ပအထောက်အပံ့ သို့မဟုတ် နည်းပညာဆိုင်ရာ အကူအညီများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရယူနိုင်သည်။

၄၁။ တပ်ဖွဲ့ဝင်စည်းကမ်းထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ တပ်ဖွဲ့ဝင်အရာရှိများ၊ တပ်ဖွဲ့ဝင်အမှုထမ်းများ၊ အရပ်ဘက်အရာရှိများနှင့် အရပ်ဘက်အမှုထမ်းများသည် ၎င်းတို့နှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေများကို လိုက်နာရမည်။

၄၂။ ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များသည် ဤဥပဒေပါလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏တည်ဆဲဥပဒေများနှင့် နိုင်ငံတကာ သဘောတူစာချုပ်များအပြင် ကမ်းခြေစောင့်တပ်ဖွဲ့ အကြီးအကဲကထုတ်ပြန်သည့် တပ်ဖွဲ့တွင်းအမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၄၃။ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရာတွင်သော်လည်းကောင်း၊ ရေယာဉ် သို့မဟုတ် အခြားသက်သေခံပစ္စည်းများကို သိမ်းဆည်းရာတွင်သော်လည်းကောင်း စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သော တပ်ဖွဲ့ဝင်ကိုဖြစ်စေ၊ သတင်းပေးသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို လုပ်ဆောင်မှုဆိုင်ရာ ဆုကြေး သို့မဟုတ် ဆုတံဆိပ်များ ပေးအပ်နိုင်သည်။

၄၄။ ကမ်းခြေစောင့်တပ်ဖွဲ့သည် နိုင်ငံတကာစည်းမျဉ်းများ၊ လမ်းညွှန်ချက်များ၊ ဆက်သွယ်ရေးဥပဒေနှင့်အညီ သတ်မှတ်ထားသည့် လှိုင်းနှုန်းခွင် (Frequency Band) များကို အသုံးပြုခွင့်ရှိသည်။

၄၅။ ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် တပ်ဖွဲ့ဝင်တစ်ဦးဦးကို တရားမကြောင်းအရသော်လည်းကောင်း၊ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၄၆။ ဤဥပဒေအရ ချမှတ်သည့်ငွေဒဏ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသည့် ငွေပေးချေမှုနည်းလမ်းများအတိုင်း ပေးဆောင်စေရမည်။

၄၇။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် –

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနနှင့် ကမ်းခြေစောင့်တပ်ဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## လွမ်းသူ့သစ္စာ တိုင်တည်စကား

* စနေမိုးက
ဇွေဖြိုးမပြတ် ရွာခဲ့သည်...။
* တစ်ဆယ့်ကိုး...ဟု
ရက်ဆိုးဇူလိုင် တွင်ရစ်သည်...။
* နယ်ချဲ့ဆိုးက
အငြိုးတကြီး စေရက်သည်...။
* နိုင်ငံ့လွတ်ရေး၊ သည်ဝန်လေးကို
ချင့်တွေးရင်မှာ၊ စိတ်သန်စွာလျှင်
ချိန်ခါနေ့ည၊ မအားရအောင်
လှုံ့လမြင့်ခေါင်၊ ပြည့်ခေါင်းဆောင်တို့
နောင်ရေးခုရေး၊ ချင့်မျှော်တွေး၍
စည်းဝေးတိုင်ပင် ရှိကြစဉ်...။
* မသမာသူ၊ တစ်စုလူတို့
ယူငင်လက်နက်၊ စွဲကိုင်လျက်က
ရက်စက်သော့သွမ်း၊ သွေးရောင်လွှမ်း၍
တစ်ဝန်းပြည်လုံး၊ ကြိမ်မီးအုံးသို့
ညှိုးချုံးပူဇျာ၊ ဖြစ်ရရှာသည်
တစ်ခါတုန်းက သမိုင်းဆိုး...။
* ဩော်...
တွေးမိတိုင်းပင်၊ လွမ်းရိပ်ဆင်မို့
နာကျင်လျက်က၊ ဖြေခက်စွတည့်
မြန်မာ့လွတ်ရေး၊ အသက်သွေးနှင့်
ဦးဆွေးဆံကြွေ၊ ထမ်းခဲ့ပေသည့်
တည်နေဖြစ်ဟောင်း၊ အာဇာနည်အပေါင်းသို့
ညွတ်ပျောင်းတွေးရှု၊ အလေးပြုသည်
လွမ်းသူ့သစ္စာ တိုင်တည်စကား...။
တာဝန်ကျေကြမည်တကား...။ ။

**မောင်စိမ်းနောင် (လယ်ဝေး)**

## မော်လမြိုင်၌ ငလျင်ဘေးဆိုင်ရာအသိပညာပေး

**မော်လမြိုင် ဇူလိုင် ၁၈**

ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ဇူလိုင် ၁၆ ရက်က မော်လမြိုင်မြို့ အမှတ်(၇) အခြေခံ ပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

အခမ်းအနားတွင် မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးသိန်းဌေးအောင်က ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးငြိမ်းစံက ကျောင်းသား ကျောင်းသူများအား ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများ၊ ငလျင်လှုပ်နေချိန်နှင့် လှုပ်ပြီးချိန်များတွင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို အသိပညာပေးဟောပြော၍ လက်တွေ့သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



# “မြန်မာ့တန်ဖိုး... မြန်မာ့အနာဂတ်”

# (Myanmar’s Value – Myanmar’s Future)

မောင်မိုး

*(ယမန်နေ့မှ အဆက်)*

**အစမ်းသပ်ခံ မြန်မာ့တန်ဖိုး**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် တာဝန်ယူကျင်းပခဲ့သည့် အစိုးရနှင့် ရွေးကောက်ပွဲကော်မရှင်တို့သည် မဲဆန္ဒရှင်စာရင်းကို မမှန်ကန်သော နည်းလမ်းများဖြင့် မဲအရေအတွက်တိုးမြှင့်ခဲ့ခြင်း၊ အချို့သော မဲဆန္ဒနယ်များတွင် မဲပေးခြင်းလုပ်ငန်းစဉ်များကို ဥပဒေနှင့်မညီဘဲ ဆောင်ရွက်ခြင်း၊ မဲရလဒ်များကို မှတ်တမ်းတင်ရာတွင် ပွင့်လင်းမြင်သာမှုမရှိခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အာဏာကို မတရားနည်းဖြင့် ရယူရန် ကြိုးပမ်းခဲ့ကြသည်။ ဤအခြေအနေတွင် မြန်မာ့တပ်မတော်အနေဖြင့် အခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ဒီမိုကရေစီစနစ်ကို ကာကွယ်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးတာဝန်များကို လက်လွှဲယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

တစ်ပြိုင်နက်တည်းတွင်ပင်ပယောဂမကင်းသော မူဝါဒကွဲပြားမှုများ၊ လူမျိုးရေး ကွဲပြားမှုများ၊ နိုင်ငံရေးစနစ် ကွဲပြားမှုများကို ပုံကြီးချဲ့ပြီး ပဋိပက္ခပိုမိုကြီးထွားအောင် ဆောင်ရွက်နေကြသည်ကိုလည်း မြင်တွေ့နေရပါသည်။ နိုင်ငံရေး မတည်ငြိမ်မှု၊ စီးပွားရေး စိန်ခေါ်မှုများနှင့် ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲနေသော အင်အားစုများကြောင့် မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုင်းအဝိုင်းတွင် သိက္ခာရှိရှိ ရပ်တည်နိုင်ရေးအတွက် ရုန်းကန်နေရဆဲ ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံရေးမတည်ငြိမ်မှုများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးစားထိန်းသိမ်း ဆောင်ရွက်ကာ ရှေ့လုပ်ငန်းစဉ်များအတိုင်း မဆုတ်မနစ် ချီတက်လျက်ရှိပါသည်။ သို့ရာတွင် အမျိုးမျိုးသော သွေးထိုးလှုံ့ဆော်အားပေးအားမြှောက်မှုများကြောင့် ယနေ့ထက်တိုင် အကျိုးဆက်အနေဖြင့် ပြည်သူလူထု၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများအပါအဝင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအပေါ် အနည်းနှင့်အများ ထိခိုက်စေခဲ့ပါသည်။ တစ်နည်းဆိုရသော် အခြေအနေအရပ်ရပ်ကြားတွင် မြန်မာ့တန်ဖိုးစံနှုန်းများ ဆေးရေးမေးမိုန်ခဲ့ရပါသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် ပြည်သူများအား ကြည့်ရှုအားပေးစဉ်။

❖ **ငလျင်လှုပ်ခတ်ပြီးချိန်မှစ၍ နိုင်ငံတော်အကြီးအကဲနှင့် အစိုးရအဖွဲ့များသည် ချက်ချင်းလှည့်လည်ကြည့်ရှုကာ ပျက်စီးမှုဒဏ်သင့်ဒေသများသို့ အရေးပေါ်အကူအညီများ ပေးပို့ခဲ့ပြီး ပြည်တွင်းနှင့် နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းကာ ပိတ်မိနေသူများကို အမြန်ဆုံးကယ်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ဒုက္ခသည်များအား ယာယီခိုလှုံရန် စခန်းများဖွင့်လှစ်ပေးခဲ့ခြင်းနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဆင့်လိုက်စနစ်တကျဆောင်ရွက်ခဲ့ရာ ပထမအဆင့်တွင် ပျက်စီးသောလမ်းများ၊ တံတားများနှင့် အခြေခံအဆောက်အအုံများကို အရေးပေါ်ပြုပြင်မှုများပြုလုပ်ခဲ့ပြီး ဒုတိယအဆင့်တွင် ဆက်သွယ်ရေးလိုင်းများ၊ လျှပ်စစ်နှင့် ရေသွယ်စနစ်များကို ပြန်လည်ဖော်ဆောင်ခဲ့သည်။ တတိယအဆင့်အနေဖြင့် အန္တရာယ်ရှိအဆောက်အအုံများကို ဖြိုဖျက်ကာ ရေရှည်တည်တံ့သော ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စတင်ခဲ့**

နိုင်ငံရေး မတည်ငြိမ်မှုနှင့်အတူ မြန်မာနိုင်ငံ၏ခံနိုင်ရည်နှင့် ပြန်လည်ထူထောင်ရေး စွမ်းရည်ကို စမ်းသပ်ခဲ့သည့် ပြင်းထန်သော သဘာဝဘေးအန္တရာယ်များကိုလည်း ကြုံတွေ့ခဲ့ရသည်။ ယနေ့မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကြောင့် ဖြစ်ပေါ်လာသည့် အစွန်းရောက် ရာသီဥတုဖြစ်စဉ်များကို ကမ္ဘာ့နိုင်ငံအားလုံးက ရင်ဆိုင်တွေ့ကြုံနေရပြီး မြန်မာနိုင်ငံမှာလည်း ၂၀၂၃ ခုနှစ်၊ မေလမှာ ‘မိုခါ’မုန်တိုင်းဘေး၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလမှာ ‘ရာဂီ’ မုန်တိုင်း၏ အကြွင်းအကျန် တိမ်တိုက်များကြောင့် ရေကြီးရေလျှံဘေးများကို ရင်ဆိုင်ကျော်လွှားခဲ့ကြရပါသည်။

ထို့အတူ ၂၀၂၅ ခုနှစ်၊ မတ်လ(၂၈)ရက်နေ့ မွန်းလွဲပိုင်း၌ အင်အား ၇ ဒသမ ၇ ရစ်(ခ်)တာစကေးရှိ လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် အယုတ်အလတ်အမြတ်မရွေး၊ ဆင်းရဲ ချမ်းသာမရှိ၊ လူမျိုးဘာသာ အသွေးအရောင်မခွဲခြား၊ အသက်အရွယ်မပိုင်းခြား၊ နိုင်ငံရေး အရောင်အသွေးမသိ နိုင်ငံတစ်ဝန်းရှိ သက်ရှိလူသားအားလုံးနှင့် တိရစ္ဆာန်များအပေါ် သက်ရောက်မှုကြီးမားစွာ ဖြစ်ပေါ်ခဲ့ရပါသည်။ ငလျင်ဘေးသင့်ဒေသများမှ ပြည်သူများ၏ လူမှုစီးပွားဘဝများ၊ အခြေခံအဆောက်အအုံ၊ လမ်း၊ တံတားအပါအဝင် အမြတ်တနိုး တန်ဖိုးထား ကိုးကွယ်ရာဖြစ်သည့် ဘုရား၊ စေတီ၊ ကျောင်း၊ ကန်၊ ပုထိုးတွေ များစွာမြေခလဲပြိုခဲ့ရမှုအပေါ် နိုင်ငံသားများအနေဖြင့် ယူကျုံးမရ မျက်ရည်မဆည်နိုင် ဖြစ်ခဲ့ကြရသည်။ ဤသည်မှာလည်း သဘာဝတရားကြီးက မြန်မာ့တန်ဖိုးများအပေါ် စမ်းသပ်လိုက်ခြင်းပင်ဖြစ်သည်။

ငလျင်လှုပ်ခတ်ပြီးချိန်မှစ၍ နိုင်ငံတော်အကြီးအကဲနှင့် အစိုးရအဖွဲ့များသည် ချက်ချင်းလှည့်လည်ကြည့်ရှုကာ ပျက်စီးမှုဒဏ်သင့်ဒေသများသို့ အရေးပေါ်အကူအညီများပေးပို့ခဲ့ပြီး ပြည်တွင်းနှင့် နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းကာပိတ်မိနေသူများကို အမြန်ဆုံး ကယ်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ဒုက္ခသည်များအား ယာယီခိုလှုံရန် စခန်းများဖွင့်လှစ်ပေးခဲ့ခြင်းနှင့် အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဆင့်လိုက် စနစ်တကျ ဆောင်ရွက်ခဲ့ရာ ပထမအဆင့်တွင် ပျက်စီးသောလမ်းများ၊ တံတားများနှင့် အခြေခံအဆောက်အအုံများကို အရေးပေါ် ပြုပြင်မှုများပြုလုပ်ခဲ့ပြီး ဒုတိယအဆင့်တွင် ဆက်သွယ်ရေးလိုင်းများ၊ လျှပ်စစ်နှင့် ရေသွယ်စနစ်များကို ပြန်လည်ဖော်ဆောင်ခဲ့သည်။ ***စာမျက်နှာ ၁၁ သို့***





မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် လွှတ်တော်အဆောက်အအုံနှင့် စစ်ကိုင်းတံတားကို တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် ဘုရားစေတီအား ကြည့်ရှုစစ်ဆေးစဉ်။

**❝ ယခုကျင်းပမည့် ရွေးကောက်ပွဲသည် နိုင်ငံသားအားလုံးအတွက် နိုင်ငံရေးဖြစ်စဉ်တစ်ခုထက်ပိုသော မျှော်လင့်ချက်များကို ဆောင်ကြဉ်းလာမည်ဖြစ်ပါသည်။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာနှင့် တန်ဖိုးများကို ပြန်လည်မြှင့်တင်နိုင်မည်ဖြစ်ပြီး အခွင့်အလမ်းများဖြင့် ပြည့်နှက်နေသော မြန်မာ့အနာဂတ်ကိုပုံဖော်ရန် ကတိကဝတ်လည်းဖြစ်ပါသည်။ ရွေးကောက်ပွဲမှတစ်ဆင့် မြန်မာနိုင်ငံသည် တင့်တယ်စွာ၊ တန်ဖိုးသိစွာ၊ ဂုဏ်သိက္ခာရှိစွာ၊ ရပ်တည်နိုင်မှုကို ကမ္ဘာ့အလယ်တွင် ထင်ဟပ်ပြသနိုင်မည်ဖြစ်ပါသည်။ မေးမှိန်သယောင်၊ ညှိုးနွမ်းသယောင်ဖြစ်နေသည့် မြန်မာ့တန်ဖိုးများကို အရောင်တင်ခြင်းဖြင့် မြန်မာ့အနာဂတ်ကို ပုံဖော်ခြယ်သရမည် ဖြစ်ပါသည်။ မြန်မာ့တန်ဖိုးမြှင့်တင်ရေးကဏ္ဍ (Myanmar's Value) နှင့် မြန်မာ့ဒီမိုကရေစီဖော်ဆောင်ရေးကဏ္ဍသည် အနှစ်သာရအားဖြင့်လည်း ထပ်တူကျလျက်ရှိပါသည်။ ❞**

*စာမျက်နှာ ၁၀ မှ*

တတိယအဆင့်အနေဖြင့် အန္တရာယ်ရှိ အဆောက်အအုံများကို ဖြိုဖျက်ကာ ရေရှည်တည်တံ့သော ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စတင်ခဲ့သည်။

အာဆီယံနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ အကူအညီများကို လက်ခံရယူကာ နည်းပညာ၊ ကျွမ်းကျင်မှုနှင့် ငွေကြေးအထောက်အပံ့များ ရရှိအောင် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတကာ မီဒီယာများတွင် မြန်မာပြည်သူများ၏ စည်းလုံးညီညွတ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းကို မီးမောင်းထိုးပြခဲ့သည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် ငလျင်ဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံများ တည်ဆောက်ရန် စံချိန်စံညွှန်းများ ပြန်လည်သတ်မှတ်ခဲ့ပြီး သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် သင်တန်းများပို့ချခဲ့သည်။ ဘာသာရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်တည်ဆောက်ရာတွင် ပြည်သူများ၏စိတ်ဓာတ်ကို မြှင့်တင်ပေးခဲ့ပြီး ငလျင်ဒဏ်သင့်ပြည်သူများအတွက် စိတ်ပိုင်းဆိုင်ရာ ခွန်အားများ ရရှိစေခဲ့သည်။

**"၇ ဒသမ ၇ ရစ်(ခ်)တာစကေးပြင်းအားရှိ ငလျင်ကြီးသည် အုတ်၊ သဲ၊ ကျောက်၊ သံမဏိများနဲ့ အခိုင်အမာတည်ဆောက်ထားရှိတဲ့ လမ်း၊ တံတား၊ အဆောက်အအုံတွေကို အတုံးအရုံးလဲကျအောင် ဖြိုလှဲနိုင်ခဲ့ပေမယ့် မြန်မာတို့ရဲ့ စိတ်ဓာတ်ကိုတော့ ယိမ်းယိုင်လဲကျသွားအောင် လှုပ်ခတ်မစွမ်းဆောင်နိုင်ခဲ့ပါဘူး"**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးပြန်လည်ကုစားရန်နှင့် အနာဂတ်တွင် ပိုမိုကောင်းမွန်သော လူမှုစီးပွားစနစ်ကို တည်ဆောက်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

တစ်ပြိုင်နက်တည်းတွင်ပင် နိုင်ငံရေးစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း ဆက်လက်အကောင်အထည်ဖော်လျက် ရှိသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့မှ စတင်၍ ထာဝရငြိမ်းချမ်းရေးကို ရှေးရှုကာ တပ်မတော်မှ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲပေးခဲ့မှုများ အကြိမ်ရေများစွာရှိခဲ့ပြီး မတ်လ (၂၈) ရက်နေ့ မန္တလေးငလျင်ကြီး လှုပ်ခတ်အပြီးတွင်လည်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများအပေါ် အားသွန်ခွန်စိုက် ပြုလုပ်နိုင်ရန်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် အထူးအထူးကိစ္စရပ်အနေဖြင့် တပ်မတော်မှအပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ၂၀၂၅ ခုနှစ်၊ မတ်လအတွင်း ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk–2025) နှင့် ဧပြီလအတွင်း ငြိမ်းချမ်းရေးဖိုရမ် (Peace Forum–2025) ကို ကျင်းပခဲ့ရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ နိုင်ငံတကာမှ ဧည့်သည်တော်များ၊ နိုင်ငံခြားသံရုံးအသီးသီးမှ သံတမန်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မီဒီယာများ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် လေ့လာသူများ စသည့် အလွှာစုံအစုအဖွဲ့အသီးသီးမှ တက်ရောက်ဆွေးနွေး ဆောင်ရွက်မှုများကိုကြည့်ခြင်းဖြင့် အစိုးရနှင့် ပြည်သူများက ငြိမ်းချမ်းမှုရရှိရေးအတွက် မည်မျှဆန္ဒပြင်းပြလျက်ရှိကြောင်း တွေ့မြင်ရမည်ဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ငြိမ်းချမ်းရေးစကားဝိုင်းများတွင်–

**"ငြိမ်းချမ်းရေးမူဝါဒတွေဟာ NCA စာချုပ်ရဲ့ အနှစ်သာရတွေဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုတွေကရရှိလာတဲ့ "အသိတရား" တွေဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လိုက်နာလုပ်ဆောင်ရမယ့် "အရိုတရား" တွေ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အန္တိမမျှော်မှန်းထားတဲ့ ရည်မှန်းချက်ကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ "ပြည်ထောင်စုနိုင်ငံ" ထူထောင်နိုင်ဖို့ဖြစ်ပါတယ်"** ဟု အလေးအနက်ထားပြောကြားခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ လက်ရှိမြန်မာနိုင်ငံ ရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်များ၊ ပြည်ထောင်စုကြီးပြိုကွဲရန် ပြည်တွင်း၊ ပြည်ပအဖျက်အမှောင့်လုပ်ရပ်များအားလုံးကို ကျော်လွှား၍ အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးက "မီးလျှံကြားမှ ဇာမဏီငှက်" ကဲ့သို့ အတူရုန်းထကြိုးပမ်းဆောင်ရွက်ကာ ပြည်ထောင်စုစိတ်ဓာတ်တန်ဖိုးကို ခိုင်မာအားကောင်းစေရန် မြှင့်တင်ရင်း ပိုမိုကောင်းမွန်သော အနာဂတ်တစ်ခုဆီသို့ ချောမွေ့အောင်မြင်စွာ အသွင်ကူးပြောင်းနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။

### မြန်မာ့အနာဂတ်
### (Myanmar's Future)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် "မိမိကိုယ်ကို အားကိုးခြင်းမူဝါဒ (Self Reliance Policy)" ကို အခြေခံ၍ ပြည်သူများနှင့်အတူ အနာဂတ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ရည်မှန်းတည်ဆောက်လျက်ရှိပါသည်။ ထို့အပြင် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း "လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ်" ကျင်းပ၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီးဆီသို့ဦးတည်လျှောက်လှမ်းလျက်ရှိပါသည်။ ရွေးကောက်ပွဲများမှတစ်ဆင့် ပေါ်ထွက်လာမည့် ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်သည် အာဏာခွဲဝေကျင့်သုံးခြင်း (Power Sharing)၊ သယံဇာတခွဲဝေခြင်း (Resource Sharing) အစရှိသည်တို့ကို လွှတ်တော်များမှတစ်ဆင့် ကျင့်သုံးဆောင်ရွက်နိုင်ခြင်းက ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက်လည်း ကြီးမားသော အထောက်အပံ့ဖြစ်စေမည် ဖြစ်ပါသည်။

ယခုကျင်းပမည့် ရွေးကောက်ပွဲသည် နိုင်ငံသားအားလုံးအတွက် နိုင်ငံရေးဖြစ်စဉ်တစ်ခုထက်ပိုသော မျှော်လင့်ချက်များကိုဆောင်ကြဉ်းလာမည်ဖြစ်ပါသည်။ မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာနှင့် တန်ဖိုးများကို ပြန်လည်မြှင့်တင်နိုင်မည်ဖြစ်ပြီး အခွင့်အလမ်းများဖြင့် ပြည့်နှက်နေသော မြန်မာ့အနာဂတ်ကိုပုံဖော်ရန် ကတိကဝတ်လည်း ဖြစ်ပါသည်။ ရွေးကောက်ပွဲမှတစ်ဆင့် မြန်မာနိုင်ငံသည် တင့်တယ်စွာ၊ တန်ဖိုးသိစွာ၊ ဂုဏ်သိက္ခာရှိစွာ၊ ရပ်တည်မှုကို နိုင်ငံတကာအား ရှင်းလင်းပြတ်သားစွာ အသိပေးနိုင်မည်ဖြစ်ပါသည်။ မေးမှိန်သယောင်၊ ညှိုးနွမ်းသယောင်ဖြစ်နေသည့် မြန်မာ့တန်ဖိုးများကို အရောင်တင်ခြင်းဖြင့် မြန်မာ့အနာဂတ်ကို ပုံဖော်ခြယ်သရမည်ဖြစ်ပါသည်။ မြန်မာ့တန်ဖိုးမြှင့်တင်ရေးကဏ္ဍ(Myanmar's Value)နှင့် မြန်မာ့ဒီမိုကရေစီ ဖော်ဆောင်ရေးကဏ္ဍသည် အနှစ်သာရအားဖြင့်လည်း ထပ်တူကျလျက်ရှိပါသည်။

လက်ရှိ အခြေအနေများအရ ရွေးကောက်ပွဲကျင်းပခြင်းကို ထွက်ပေါက်ဟု မယူဆနိုင်ပါ။ လာမည့်ရွေးကောက်ပွဲသည် အနာဂတ်ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးဆီသို့ ချီတက်ရာ မုခ်ဦးတံခါးဝတစ်ခုဟု ဆိုနိုင်ပါသည်။ ရွေးကောက်ပွဲ ပင်မတံခါးကြီးကို ဖွင့်လှစ်ဝင်ရောက်ပြီး ပဋိပက္ခမှန်သမျှ *စာမျက်နှာ ၁၂ သို့*

**❝ ရွေးကောက်ပွဲပင်မတံခါးကြီးကို ဖွင့်လှစ်ဝင်ရောက်ပြီး ပဋိပက္ခမှန်သမျှ နိုင်ငံရေးစားပွဲဝိုင်းများအပေါ်တွင် ဖြေရှင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများဖော်ဆောင်ကာ ညီညွတ်မှုကို တည်ဆောက်ရင်း မြန်မာ့တန်ဖိုးများကို မြှင့်တင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ အစီအရီအသင့်ရှိနေကြမည့်ပုံရိပ်ကို လှမ်းမျှော်ကြည့်နိုင်ပါသည်။ ယခုလာမည့်ရွေးကောက်ပွဲသည် အနာဂတ်မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုလမ်းမကြီးဆီသို့ ချိတ်ဆက်ပေးမည့် ပေါင်းကူးတံတားကြီးပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် မြန်မာတစ်မျိုးသားလုံး၏ မျှော်လင့်ချက်များ စုစည်းပေါင်းဆုံရာ ပြည်ထောင်စုအိမ်ကြီး၏ ဝင်ပေါက်တစ်ခု (Gateway to Democracy) ဟုလည်း ဆိုနိုင်ပါသည်။❞**



မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် ဘုရားစေတီတစ်ဆူ။

*စာမျက်နှာ ၁၁ မှ*

နိုင်ငံရေး စားပွဲဝိုင်းများအပေါ်တွင် ဖြေရှင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ဖော်ဆောင်ကာ ညီညွတ်မှုကို တည်ဆောက်ရင်း မြန်မာ့တန်ဖိုးများကို မြှင့်တင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ အစီအရီ အသင့်ရှိနေကြမည့်ပုံရိပ်ကို လှမ်းမျှော်ကြည့်နိုင်ပါသည်။ ယခုလာမည့် ရွေးကောက်ပွဲသည် အနာဂတ်မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုလမ်းမကြီးဆီသို့ ချိတ်ဆက်ပေးမည့် ပေါင်းကူးတံတားကြီးပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် မျှော်လင့်ချက်များ စုစည်းပေါင်းဆုံရာ ပြည်ထောင်စုအိမ်ကြီး၏ ဝင်ပေါက်တစ်ခု (Gateway to Democracy) ဟုလည်း ဆိုနိုင်ပါသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးဖိုရမ် (Peace Forum – 2025) ၌ အဖွင့်အမှာစကားပြောကြားစဉ်။

**မြန်မာ့လမ်းကြောင်း...**
**မြန်မာ့အနာဂတ် (Myanmar's Way–Myanmar's Future)**

မြန်မာ့အနာဂတ်သို့ လျှောက်လှမ်းရာလမ်းကြောင်းသည် လွယ်ကူသောလမ်းမဟုတ်ပေ။ သို့ဖြစ်ရာ အခက်အခဲများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ရင်း အခွင့်အလမ်းများ ဖော်ထုတ်အသုံးပြုနိုင်ရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မြန်မာ့အနာဂတ်ကို အကောင်အထည်ဖော်တည်ဆောက်ရာတွင် ဦးစွာလွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးသည် အလွန်အဓိကကျနေပါသည်။

အနာဂတ်အစီအမံများကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေး မြန်မာ့လမ်းကြောင်းကို လျှောက်လှမ်းရာတွင် သမိုင်းတန်ဖိုး၊ နိုင်ငံရေးတန်ဖိုး၊ စီးပွားရေးတန်ဖိုး၊ ပထဝီဗဟိုချက်တန်ဖိုး၊ ဘာသာ၊ သာသနာ ယဉ်ကျေးမှုတန်ဖိုး၊ လူမှုရေးတန်ဖိုးနှင့် ပြည်ထောင်စုစိတ်ဓာတ်တန်ဖိုးများကို ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်ခြင်းနှင့်အတူ ပြည်သူတစ်ဦးချင်းစီ၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လိုစိတ်၊ တာဝန်ယူလိုစိတ်၊ စည်းလုံးညီညွတ်မှုနှင့် ကြံ့ကြံ့ခံနိုင်သော စွမ်းအားများဖြင့် ပြည်ထောင်စုကြီးခိုင်မာအားကောင်းစေရန် စုစည်းပုံဖော်တည်ဆောက်သွားရန် လိုအပ်ပါသည်။ သို့ဖြစ်၍လည်း ၂၀၂၅ ခုနှစ်၊ မတ်လအတွင်း ကျင်းပပြုလုပ်ခဲ့သည့် "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ" တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က **"မိမိတို့အနေဖြင့် အခွင့်အလမ်းများရှိသကဲ့သို့ စိန်ခေါ်မှုများလည်းရှိကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို နည်းလမ်းပေါင်းစုံဖြင့်ကျော်လွှားပြီး နိုင်ငံတိုးတက်ရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားများအနေဖြင့် ယနေ့မှစပြီး "မြန်မာ့အနာဂတ်ဘဝလှပဖို့– မြန်မာ့တန်ဖိုးမြှင့်ကြစို့"** ဟု လေးနက်စွာ တိုက်တွန်းပြောကြားခဲ့ပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးလျောင်ကြီးကြောင့် ပျက်စီးသွားသောအဆောက်အအုံများ ရှင်းလင်းဖယ်ရှားနေမှုကို သွားရောက်ကြည့်ရှုစဉ်။

ယနေ့ မြန်မာနိုင်ငံသည် လေပြင်းမုန်တိုင်းများ ကင်းစင်ချိန်တွင် ပေါ်ထွက်လာသည့် သက်တံကြီးပမာ အရောင်အသွေးစုံလင်မှုတမှုကို ရှေးရှု၍ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်သော မြန်မာ့အနာဂတ်ဆီသို့ လှမ်းချီရမည့် အချိန်အခါပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ "သမိုင်းအစဉ်အလာကြီးမားခဲ့သည့် မြန်မာ့တန်ဖိုးနှင့် မြန်မာ့ပထဝီအနေအထား၏ အရေးပါစွာ တည်ရှိနေမှုများကို အရာရောက်... ဖြစ်မြောက်အောင်မြင်သည်အထိ ပုံဖော်တည်ဆောက်နိုင်ရေးနှင့် နိုင်ငံတကာအလယ်တွင် အောက်တန်းနောက်တန်း မကျစေရေးတို့အတွက် မျိုးချစ်စိတ်နှင့်အတူ တက်ကြွသော နိုင်ငံသား (Active Citizen) စိတ်ဓာတ်များဖြင့် မေးမှိန်ပျောက်ကွယ်လုနီးဖြစ်နေသော "မြန်မာ့တန်ဖိုး" များကို မြှင့်တင်ရင်း အနာဂတ် နေ့သစ်များဆီသို့ အတူတကွ ပေါင်းစည်းချီတက်ကြရမည့် အချိန်အခါသမယ ဖြစ်ပါကြောင်း...." ။ ။

**❖ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "မိမိတို့အနေဖြင့် အခွင့်အလမ်းများရှိသကဲ့သို့ စိန်ခေါ်မှုများလည်းရှိကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို နည်းလမ်းပေါင်းစုံဖြင့် ကျော်လွှားပြီး နိုင်ငံတိုးတက်ရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားများအနေဖြင့် ယနေ့မှစပြီး "မြန်မာ့အနာဂတ်ဘဝလှပဖို့ - မြန်မာ့တန်ဖိုးမြှင့်ကြစို့" ဟု လေးနက်စွာ တိုက်တွန်းပြောကြားခဲ့ပါသည်။**

## အာဇာနည် စိတ်ဓာတ်မျိုးနှင့် . . .

❖ ရေတွက်လျှင် "ခုနစ်ဆယ့်ရှစ်"
နှစ်ကာလ တိုင်ခဲ့ပြီ၊
လဇူလိုင် တစ်ဆယ့်ကိုးမှာ
ဂြိုဟ်ဆိုးမွေသည်၊
ယူကျုံးမရ ဖြေမဆည်
မျက်ရည်ကျ ကြေကွဲ။
ဗိုလ်ချုပ်အောင်ဆန်းရယ်နဲ့
ပြည်ချစ်ပန်း အာဇာနည်တို့
တို့တိုင်းပြည် ထူထောင်ရေးကို
ဆွေးနွေး ညှိနှိုင်းစဉ်ပေ့ါ
အသိရိုင်းဝင် လူတစ်စုရယ်က
ပြုရက်မိုက်မဲ။

❖ ရာထူးဂုဏ် အာဏာမက်
ငမ်းငမ်းတက် ယစ်မူးကာ၊
ပြည်သူ့အပေါ် ငဲ့ညှာမထောက်
နိုင်ငံအပေါ် သစ္စာဖောက်တဲ့
လောက်ကောင်မိစ္ဆာ၊
ဘေးဆိုးပွားစေတဲ့
သွေးထိုးစကား နားယောင်ကာ
လော်မာလို့ ထင်ရာစိုင်း။
မတော်တာ တော်တာမသိ
ငြိတွယ်တဲ့မိုင်း။

❖ မိုင်းမိကာ အတွက်မှားတဲ့
အဖျက်သမား လက်ပါးစေ၊
ရဖို့ဆို ဘနဖူးကို
သိုက်တူးသူတွေ၊
မေ့နိုင်ဘူး အခဲမကျေ
သဲရေကျ ဖြစ်ပါပကော။
ကိုးပွင့်ကြယ် ကြွေလွင့်ရ
လွမ်းတနမြော။
လွမ်းတကာ မျက်ရည်ဥနဲ့
အလေးပြု သတိမူ၊
အာဇာနည် ခေါင်းဆောင်များကို
အားကျတုယူ၊
နိုင်ငံအတွက် တံခွန်ထူ
ပြည်သူလူထု ကောင်းစားရေး။
အာဇာနည် စိတ်ဓာတ်မျိုးနဲ့
ကောင်းကျိုးဆောင်ပေး။ ။

**မောင်ကျော်(ပညာရေး)**

# ငါးသယံဇာတများ တိုးပွားလာစေရေးနှင့် ငါးမျိုးများ ရေရှည်တည်တံ့ခိုင်မြဲစေရေးတို့အတွက် ငါးမျိုးများစိုက်ထည့်







**နေပြည်တော်  ဇူလိုင် ၁၈**

ငါးသယံဇာတများ တိုးပွားလာစေရေးနှင့် ငါးမျိုးများ ရေရှည်တည်တံ့ခိုင်မြဲစေရေးတို့အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာနရုံး ဧရိယာအတွင်းရှိ တစ်ဖက်ပိတ်ဆည်၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီးတို့က တစ်ဖက်ပိတ်ဆည်အတွင်းသို့ ငါးမျိုးများ ဦးဆောင်စိုက်ထည့်ပေးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ငါးမြစ်ချင်းနှင့် ငါးခုံးမကြီးအကောင်ရေ ၁၀၀၀၀ ကို တစ်ဖက်ပိတ်ဆည်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးခဲ့သည်။

ထို့ပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ညနေပိုင်းတွင်နေပြည်တော်ကောင်စီ နယ်မြေ ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား - တောင်ညို လမ်းဘေးရှိ မင်္ဂလာကန်၌ ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့် ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ဝန်ထမ်းများ တက်ရောက်၍ မင်္ဂလာကန်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြသည်။

**ငါးမြစ်ချင်းကောင်ရေ ၃၀၀၀ မျိုးစိုက်ထည့်**

အလားတူ စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို စွမ်းအင်ဝန်ကြီးဌာန ပရဝဏ်အတွင်းရှိ လျှိုပိတ်ဆည်တွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး၊ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများတက်ရောက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက ငါးလုပ်ငန်းဦးစီးဌာနမှ ပံ့ပိုးပေးသော ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၃၀၀၀ ကို စိုက်ထည့်ပေးခဲ့သည်။(**အပေါ်ဝဲပုံ**)

ထို့အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို အဆိုပါဝန်ကြီးဌာန ရုံးအမှတ် (၁၁)နှင့် ရုံးအမှတ်(၄၀) ပရဝဏ်အတွင်းရှိ လျှိုပိတ်ဆည်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဇနီး ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများက ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြသည်။(**အပေါ်ပုံ**)




**ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ မျိုးစိုက်ထည့်**

အလားတူ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာကန်၌ ကျင်းပရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေး၊ ကော်မရှင်အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ ငါးမြစ်ချင်းနှင့် ငါးခုံးမ ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ ကို မင်္ဂလာကန်တော်အတွင်းသို့ ငါးမျိုးစိတ်များ စိုက်ထည့်ခဲ့ကြောင်း သိရသည်။(ဝဲပုံ)

**သတင်းစဉ်**

# ဆရာဝန်(သစ်လွင်)နှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်

## သက်မွေးမှုဆိုင်ရာကျင့်ဝတ်များ၊ ဆေးပညာရှင်များ လိုက်နာရမည့်ကျင့်ဝတ်များကို အလေးထားပြီး လိုက်နာဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၈**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ယနေ့တွင် ဆရာဝန်(သစ်လွင်)နှင့် သွားနှင့်ခံတွင်းဆရာဝန် (သစ်လွင်) များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင် အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း အခမ်းအနား ဒုတိယပိုင်းသို့ တက်ရောက်သည်။



အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများ ဖြစ်လာပြီဖြစ်သဖြင့် ရင့်ကျက်မှု၊ တည်ငြိမ်မှုရှိရန်၊ အရာရာကို ကျယ်ပြန့်သည့်အမြင်ဖြင့် ကြည့်ရှုဆင်ခြင်နိုင်ကြရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိကြရန် လိုပါကြောင်း၊ ဆေးပညာရှင်အနေဖြင့် သက်မွေးမှုဆိုင်ရာ ကျင့်ဝတ်(Professional Ethic)များ၊ ဆေးပညာရှင်များ လိုက်နာရမည့်ကျင့်ဝတ်(Medical Ethic) များကို အလေးထားပြီး လိုက်နာဆောင်ရွက်ရမည့်အပြင် နိုင်ငံ့ဝန်ထမ်းတစ်ဦး လိုက်နာရမည့် စည်းမျဉ်းစည်းကမ်း၊ ကျင့်ဝတ်များကို သိရှိလိုက်နာစောင့်ထိန်းကြရန် ဖြစ်ပါကြောင်း၊ မိမိတို့၏ ကျွမ်းကျင်ရာ ပညာရပ်များကို ပြည်သူလူထုအတွက် အသုံးချနိုင်ရမည် ဖြစ်သကဲ့သို့ နိုင်ငံ့ဝန်ထမ်း တစ်ဦးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် ကျေးဇူးသစ္စာ စောင့်သိရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးခင်နှင့် မြန်မာနိုင်ငံ သွားနှင့် ခံတွင်းကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပိုင်စိုးတို့က ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆရာဝန်(သစ်လွင်)များ၊ သွားနှင့်ခံတွင်း ဆရာဝန်(သစ်လွင်)များ လိုက်နာကြရမည့် ကျင့်ဝတ်စည်းကမ်းများကို ရှင်းလင်းပြောကြားကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ဆရာဝန်(သစ်လွင်)နှင့် သွားနှင့်ခံတွင်းဆရာဝန် (သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင် အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း အခမ်းအနားတွင် ဆေးတက္ကသိုလ်များမှ သင်တန်းအောင်မြင်ပြီး ဖြစ်သော ဆရာဝန်(သစ်လွင်) ၁၂၅၉ ဦးနှင့် သွားနှင့်ခံတွင်း ဆရာဝန်(သစ်လွင်) ၂၁ ဦးတို့အား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိ အဖြစ် တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရန်ကုန်)မှ အရာထမ်းများနှင့်တွေ့ဆုံ



**ရန်ကုန် ဇူလိုင် ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရန်ကုန်)မှ အရာထမ်းများနှင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**သတင်းမှန်သိရှိစေရေး ရှာဖွေဖော်ပြ**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို မျက်စိဖွင့်၊ နားစွင့်ပြီး သတင်းများဖော်ပြရာ၌ သမားရိုးကျထက် ခေတ်ကာလနှင့်အညီ ရေးသားဖော်ပြရန် လိုအပ်ကြောင်း၊ အမှားအယွင်းကင်းစင်စေရန်နှင့် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများကို အမြဲမပြတ်လေ့လာသိရှိနေရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ပုံနှိပ်မီဒီယာအပေါ် အလေးထားပါကြောင်း၊ ပြည်သူလူထုအား သတင်းမှန်သိရှိစေရေး ရှာဖွေဖော်ပြပေးသွားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် တာဝန်ရှိသူများက သတင်းစာထုတ်လုပ်ဖြန့်ချိနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

သတင်းစဉ်

# နိုင်ငံတစ်ဝန်း လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် တင်ပြလာသည့်ကိစ္စရပ်များကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၅)ကြိမ်မြောက် အစည်းအဝေး၌ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၈**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၅)ကြိမ်မြောက် အစည်းအဝေး ကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မိမိတို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသော မြေယာမူဝါဒများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်ကြောင်း။



လယ်ယာမြေများအား အခြားနည်း အသုံးပြုခွင့်နှင့် ပတ်သက်၍ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၄)တွင် “လယ်ယာမြေများကို စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လက်ဝယ်ထားရှိ၍ စိုက်ပျိုးလုပ်ကိုင် အသုံးချခွင့်ပြုခြင်းဖြစ်ရာ အခြားနည်းဖြင့် ပြောင်းလဲအသုံးပြုနိုင်ရေး လျှောက်ထားလာပါက လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ သက်ဆိုင်သည့် ဌာနဆိုင်ရာများ၏ ထောက်ခံချက်များကို စိစစ်ခြင်း၊ မြေပြင်တွင် ကြိုတင်အသုံးချထားမှု ရှိ/ မရှိ စိစစ်ခြင်းဆောင်ရွက်၍ ဥပဒေနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးရန်၊ ဥပဒေတားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်သည့် လျှောက်ထားသူများနှင့် စည်းကမ်းနှင့်အညီ ထိန်းကျောင်းရန် ပျက်ကွက်သည့် ဌာနဆိုင်ရာ ဝန်ထမ်းများကိုလည်း တိတိကျကျ အရေးယူဆောင်ရွက်သွားရန်” လမ်းညွှန်ထားပြီး ဖြစ်ပါကြောင်း။

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ စိစစ်၍ ထောက်ခံတင်ပြလာသည့် လယ်မြေကို အခြားနည်းဖြင့် အသုံးပြုခွင့် ခွင့်ပြုပါရန် လုပ်ငန်းစာတွဲများကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်မည့် စံပြုလုပ်ထုံးလုပ်နည်း(SOP)နှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ စိစစ်အတည်ပြုပေးခြင်းကို ဆောင်ရွက်ရန် ဖြစ်ကြောင်း။

သို့ပါ၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်အားလုံးအနေဖြင့် ယခုအစည်းအဝေးတွင် တင်ပြမည့် နိုင်ငံတစ်ဝန်း လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့် တင်ပြလာသည့်ကိစ္စရပ်များ၊ အခြားသော ကိစ္စရပ်များနှင့်ပတ်သက်၍ မိမိတို့ဌာနဆိုင်ရာ လုပ်ငန်းရှုထောင့်များမှ ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးစိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစာတွဲများကို တင်ပြရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အစည်းအဝေးတက်ရောက်လာကြသူများက အကြောင်းအရာတစ်ခုချင်းကို စိစစ်ဆောင်ရွက်ခဲ့ကြပြီး သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ စိစစ်တင်ပြလာသော လယ်ယာမြေစီမံခန့်ခွဲရေးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်






# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်၌ ပျိုးပင် ၁၄၀၀ စုပေါင်းစိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၁၈**

သစ်တောသစ်ပင်များ ပိုမိုတန်ဖိုးထားချစ်မြတ်နိုးစွာ စိုက်ပျိုးထိန်းသိမ်းလာစေရန်၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းလာစေရေး အထောက်အကူဖြစ်စေရန်နှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်ပင်ထိန်းသိမ်းစိုက်ပျိုးပြုစုခြင်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရုံးဧရိယာအတွင်း၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက သတ်မှတ်နေရာတွင် ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာအသီးသီးတွင် ကျွန်း၊ မဟော်ဂနီ၊ သစ်ဆိမ့်၊ ပျဉ်းကတိုး၊ ပိတောက်၊ ရေတမာ၊ မဲဇလီ၊ ခရေ၊ စွယ်တော်ပင် စုစုပေါင်းပျိုးပင် ၁၄၀၀ ကို စုပေါင်းစိုက်ပျိုးကြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပဲခူးမြို့နယ်၌ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့် အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းပွဲကျင်းပ

**ပဲခူး ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံးအနေဖြင့် မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ လူငယ်စင်တာရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးကြူက ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားပြီး အခွန်ထမ်းလုပ်ငန်းရှင်များက သိရှိလို၍ မေးမြန်းခဲ့မှုများအပေါ် ပဲခူးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးတင့်ထူးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ခရိုင်(ပြန်/ဆက်)



**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မဟာဗျူဟာလုပ်ငန်းစီမံချက်အပေါ် လုပ်ငန်းအကောင်အထည်ဖော်မှု သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်ဆိုင်ရာများ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၈**

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မဟာဗျူဟာလုပ်ငန်းစီမံချက်အပေါ် လုပ်ငန်းအကောင်အထည်ဖော်မှု သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်ဆိုင်ရာများ ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပတ္တမြားခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးများက Online ဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ချမှတ်ထားသည့် မဟာဗျူဟာ စီမံချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်စေရေးအတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုမြင့်မားစေရန် အလွန်အရေးကြီးကြောင်း၊ ဝန်ထမ်းများ စစ်ဆေးရေးစွမ်းဆောင်ရည် မြင့်မားစေရေးနှင့်လုပ်ငန်းခွင်တွင် အသုံးချဆောင်ရွက်တတ်စေရန် လက်တွေ့နှင့် ပေါင်းစပ်သင်ကြားခြင်းတို့ကို ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းနှင့် ကျင့်ဝတ်တို့ကို သိရှိလိုက်နာပြီး နိုင်ငံအကျိုးသယ်ပိုးဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မဟာဗျူဟာလုပ်ငန်းစီမံချက်အပေါ် လုပ်ငန်းအကောင်အထည်ဖော်မှုသုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ၊ စစ်ဆေးရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့်သတိပြုရမည့်အချက်များကို ဆွေးနွေးပြောကြားကြရာ Online ဖြင့်တက်ရောက်လာကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးများက သိရှိလိုသည်များကို မေးမြန်းကြသည်။



ယင်းနောက် ဒုတိယစာရင်းစစ်ချုပ်က လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဇူလိုင် ၁၈**

ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက်ရှိ ဒေါဥခူပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိကာ ကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓါစာရအား ဖူးမြော်ကြည်ညို၍ သြဝါဒခံယူပြီး ကျောင်းတိုက်အတွင်းရှိ သိမ်ကျောင်းဆောင် ပြန်လည်ပြုပြင်မွမ်းမံနိုင်ရန် လှူဒါန်းငွေများ ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် တစ်ဦးက လက်ခံရယူသည်။



ထို့နောက် ကျောင်းတိုက်အတွင်းရှိ ကျောင်းဆောင်များ ပြုပြင် ဆောင်ရွက်နေမှုနှင့် ကျောင်းတိုက်ဓမ္မာရုံ အမိုးနှင့် မျက်နှာကြက်များ ပြုပြင်ရမည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကျောင်းဝင်းအတွင်း လျှပ်စစ်မီးသွယ်တန်းခြင်းကို စနစ်တကျ ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် မိုင်းလုံးရပ်ကွက်ရှိ မိုင်းလုံး နှစ်ခြင်းခရစ်ယာန် အသင်းတော် ဘုရားရှိခိုးကျောင်းနှင့် မင်္ဂလာရပ်ကွက်ရှိ သီရိဒေါ နှစ်ခြင်းခရစ်ယာန် အသင်းတော်သို့ ရောက်ရှိပြီး ထိခိုက်ပျက်စီးခဲ့မှုများကိုလည်းကောင်း၊ နမ့်ဘော်ဝမ်(ခ) ရပ်ကွက် မူလွန်(နမ့်ဘော်ဝမ်-ခ) ကျောင်းရှိ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်ကွက်နေပြည်သူများက ကိုယ့်အားကိုယ်ကိုး တစ်ထပ်စာသင်ဆောင် တည်ဆောက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒေါဥခူရပ်ကွက် ပြည်နယ်လမ်းဦးစီးဌာန၏ လေးခန်းတွဲ သုံးထပ်နှင့် ရှစ်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာများ ပြုပြင်တည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဒေါဥခူရပ်ကွက် လျှပ်စစ်မီးပိုမိုဖြန့်ဖြူးပေးနိုင်ရေး ဖဖော်လမ်းတွင် ထရန်စဖော်မာ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများ ပြန်လည်ဝင်ရောက် နေထိုင်လျက်ရှိပြီဖြစ်သည့်အတွက် လျှပ်စစ်မီး ရရှိရေး၊ လမ်းမီးများ ထွန်းပေးနိုင်ရေးနှင့် လမ်းဘေးဝဲယာ သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အငြိမ်းစားလစာထုတ်ယူမှုအတွက် အသိပေးကြေညာခြင်း

မြန်မာ့စီးပွားရေးဘဏ်သည် အငြိမ်းစားများ၏ ပင်စင်လစာ ထုတ်ယူရာတွင် ခေတ်မီနည်းပညာ အသုံးပြုစိစစ်ဆောင်ရွက်နိုင်ရန်အတွက် Centralized e-Pension စနစ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ e-ID စနစ်တို့ ချိတ်ဆက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပေးသော အငြိမ်းစားများ၏ UID နံပါတ်များကို ရယူ၍ အချက်အလက်များကို မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-Pension Programတွင် ထည့်သွင်းရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ မြန်မာ့စီးပွားရေးဘဏ် ၁၇၁ ဘဏ်တွင် UID နံပါတ်ရပြီးသူ အငြိမ်းစားများထံမှ အချက်အလက်များကို ရယူထည့်သွင်းဆောင်ရွက်လျက်ရှိပြီး UID နံပါတ် ရရှိခြင်း မရှိသေးသူများအတွက်လည်း ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အသက်အရွယ်၊ ကျန်းမာရေးအခြေအနေနှင့် အခြားအုပ်ချုပ်မှုဆိုင်ရာကိစ္စအခက်အခဲများကြောင့် UID နံပါတ် မရရှိသေးသူများ၏ အငြိမ်းစားလစာများကိုလည်း ယခင်ထုတ်ယူနေကျအတိုင်း မြန်မာ့စီးပွားရေးဘဏ်များတွင် စီစဉ်ထုတ်ပေးလျက်ရှိပါသည်။ ပင်စင်လစာထုတ်ယူရန် အခက်အခဲရှိပါက သက်ဆိုင်ရာဘဏ်ခွဲမန်နေဂျာများထံ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

## သထုံမြို့နယ် သင်းထော်မူလတန်းလွန်ကျောင်း၌ (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ပြိုင်ပွဲများပြုလုပ်

**သထုံ ဇူလိုင် ၁၈**

မွန်ပြည်နယ် သထုံမြို့နယ် သင်းထော်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲ၊ စာစီစာကုံး၊ ပန်းချီနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတို့ကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးဇော်မျိုးနိုင်က အမှာစကားပြောကြားသည်။



ယင်းနောက် နောင်ကုလားအလယ်ရွာ မူလွန်ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်ဇာလှိုင်၊ သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အေးအေးသန်း၊ မူလွန်(သင်းထော်) ကျောင်းမှ မူလတန်းပြဆရာမ ဒေါ်အိဇွန်တိုးတို့က အာဇာနည်နေ့ ဖြစ်ပေါ်လာသည့် သမိုင်းကြောင်း၊ အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးတို့၏ အတ္ထုပ္ပတ္တိနှင့် စွမ်းဆောင်မှုများ၊ အာဇာနည်တို့၏ စိတ်ဓာတ်နှင့် စွမ်းရည်များ၊ ကျောင်းသားကျောင်းသူများ ဗဟုသုတတိုးပွားရေးအတွက် ကျောင်းပြင်ပ စာပေများ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးကြရာ သင်းထော်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါ်အေးသီတာက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများက အတန်းလိုက် စာစီစာကုံး၊ ပန်းချီ၊ ကဗျာရွတ်ဆိုခြင်းတို့ကို ပါဝင်ယှဉ်ပြိုင်ကြပြီး ကျောင်းအုပ် ဆရာမကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အမရပူရမြို့နယ် ရေဘုတ်-တောယား-ဘောဘုံ-ကင်းဘတ်လမ်းဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

**မန္တလေး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၃၀ ဒသမ ဝ၆၉ သန်းဖြင့် ဆောင်ရွက်သည့် ရေဘုတ်-တောယား-ဘောဘုံ-ကင်းဘတ်လမ်းကတ္တရာခင်းခြင်း အရှည် ဝ ဒသမ ၅ဝ၃ ကီလိုမီတာ ဆောင်ရွက်နေမှုကို ဇူလိုင် ၁၈ ရက်က မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**



# ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ KNLA ၊ PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က လက်လုပ်မိုင်းများထောင်ထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူအန္တရာယ်မဖြစ်စေရေး ဖယ်ရှားရှင်းလင်း

နေပြည်တော် ဇူလိုင် ၁၈

KNLA၊ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူများ အထိတ်တလန့်ဖြစ်စေရန်၊ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရန်နှင့် ကုန်စည်စီးဆင်းမှုများ အခက်အခဲဖြစ်ပေါ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသော လမ်း၊ တံတားများအား မိုင်းထောင် ဖောက်ခွဲခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်း စသည်များကို ဆင်ခြင်တုံတရား ကင်းမဲ့စွာ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဘီးလင်းမြို့၏ အနောက်မြောက်ဘက် မီတာ ၇၃၀၀ ခန့်အကွာ အလူးလေးကျေးရွာအနီး ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုကားလမ်းမကြီး မိုင်တိုင်အမှတ် (၁၂၀/၆) နှင့် (၁၂၀/၇) ကြား လမ်း၏ညာဘက်ခြမ်း ချုံပုတ်အတွင်း၌ KNLA၊ PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က ဆင်ခြင်တုံတရား ကင်းမဲ့စွာ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်း ခုနစ်လုံးနှင့် ရှေ့ထွက်မိုင်း နှစ်လုံးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့သဖြင့် အများပြည်သူများဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် စနစ်တကျ ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ ပြည်သူများ ထိခိုက်ပျက်စီးဒဏ်ရာရရှိစေရန် မိုင်းထောင်ခြင်း၊ မိုင်းဆွဲ တိုက်ခိုက်ခြင်းများကို မကြာခဏ လုပ်ဆောင်လျက်ရှိရာ ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှုအပေါ် ပြည်သူများအနေဖြင့် လုံးဝလက်ခံနိုင်ခြင်း မရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**








KNLA ၊ PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။

အများပြည်သူ သွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ KNLA ၊ PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများ တွေ့ရှိရသည့် ဖြစ်စဉ်နေရာပြပုံ။




◆ *ကျော့ဖုံးမှ*

၎င်းတို့၏ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် အဘက်ဘက်မှ နိမ့်ကျမှုများ၊ စစ်၏ အနိဋ္ဌာရုံများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး တပ်မတော်က နောင်ချိုဒေသ တစ်ဝိုက်အား အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သောကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် တပ်မတော်အပေါ် ယခုကဲ့သို့ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်း ပါဝင်ဆောင်ရွက်လာခဲ့ခြင်းဖြစ်သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် နောင်ချိုမြို့နယ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ ၎င်းတို့၏ မြို့/ရွာများရှိနေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေး၊ အေးချမ်းပျော်ရွှင်စွာ လူမှုစီးပွားဘဝအတွက် ရှာဖွေလုပ်ကိုင် စားသောက်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေးအတွက်အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ဖျက်ဆီးသွားခဲ့သည့် ရုံး/ဌာန အဆောက်အအုံများ၊ လူနေအဆောက်အအုံများ၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရေးအတွက် အကြမ်းဖက်သမားများ ရက်စက်ယုတ်မာစွာ လုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်း အန္တရာယ်မှ ကင်းရှင်းစေရန် မြို့/ရွာများအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယနေ့တွင်လည်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်း ဦးဆောင်သည့် ဌာနဆိုင်ရာအဖွဲ့ဝင် ၁၁၈ ဦးတို့သည် ဒေသခံပြည်သူလူထုအား လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည် ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေး နိုင်ရန်အတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး လိုအပ်သည့် ကူညီထောက်ပံ့ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့်အတူ မော်တော်ယာဉ်များဖြင့် နောင်ချိုမြို့သို့ ရောက်ရှိလာကြောင်း သိရှိရသည်။ အဆိုပါ မော်တော်ယာဉ်များ နှင့်အတူ တောင်ခမ်းဒေသနှင့် နောင်ချိုမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စေတနာရှင်ပြည်သူများမှ ပေးပို့လှူဒါန်းသည့် စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်သည့် စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ တစ်ပါတည်း ပါရှိကြောင်း သိရသည်။

ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ၎င်းတို့၏ အိမ်ပြန်ချိန်ကို အစဉ်စောင့်မျှော်နေခဲ့ရကြောင်း၊ စစ်၏ဆိုးကျိုးများကို ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ခဲ့ကြရသဖြင့် ငြိမ်းချမ်းမှုကိုသာ လိုလားကြောင်း၊ မိမိတို့၏ သားသမီးများကိုလည်း အခြားငြိမ်းချမ်းသော အရပ်ဒေသများမှ ကလေးများကဲ့သို့ပင် အေးချမ်းစွာ ပညာသင်ယူစေချင်ကြောင်း၊ အကြမ်းဖက် လုပ်ရပ်များကြောင့် အဘက်ဘက်က ပျက်စီးဆုံးရှုံးခဲ့ရသည့် နောင်ချိုမြို့အား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပါက တပ်မတော်နှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ နောင်ချိုမြို့သူမြို့သားများ ကဲ့သို့ပင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် အခြားမြို့များကိုလည်း တပ်မတော်က ပြန်လည်ထိန်းချုပ်ရယူစေလိုသည့် ဆန္ဒများမှာ အခြားပြည်သူများထံတွင်လည်းရှိနေကြောင်း၊ ထို့ကြောင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် အခြားဒေသများကိုလည်း တပ်မတော်က ပြန်လည်ရယူ၍ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် လူမှုစီးပွားဘဝများအား ပြန်လည်ဖြည့်ဆည်း ဆောင်ရွက်ပေးစေလိုကြောင်း ဝမ်းပန်းတသာ ရင်ဖွင့်ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အကြမ်းဖက်အဖွဲ့များ၏ ပြည်သူလူထုအပေါ် အကြောင်းမဲ့ ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်အနိုင်ကျင့်မှု၊ ဆက်ကြေးကောက်ခံမှု၊ အေးချမ်းသာယာနေသည့် မြို့ရွာများကို ဖျက်ဆီးမှုစသည့် အကြမ်းဖက်လုပ်ရပ်များကိုလက်မခံနိုင်တော့သည့် ဒေသခံပြည်သူများသည် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုများ၊ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ ပြုလုပ်လာကြပြီး တပ်မတော်အနေဖြင့်လည်း ပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် လိုအပ်သည့် လုံခြုံရေး လုပ်ငန်းစဉ်များအား ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဌာနဆိုင်ရာများ ပြန်လည်ဝင်ရောက်လာစဉ်။



အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည် လည်ပတ်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။




ပြည်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းစဉ်။



နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက တပ်မတော်နှင့်ဌာန ဆိုင်ရာများအား အားပေးထောက်ခံကြိုဆိုစဉ်။



ပြည်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ရင်းနှီးစွာနှုတ်ဆက်စဉ်။

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဇူလိုင် ၁၁ ရက်မှ ၁၈ ရက်အထိ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇုန်လေးဇုန်ခွဲ၍ ကျင်းပလျက်ရှိရာ သက်ဆိုင်ရာ ဇုန်များအလိုက် အားကစားကွင်း အသီးသီးတွင် အသင်းများ၏ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့မှုများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဘောလုံးအားကစားဝါသနာရှင် ပွဲကြည့်ပရိသတ်များက တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးကြသည်။

ယနေ့ ညနေ ၃ နာရီမှ စတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစား ဥယျာဉ်ကွင်းတွင် မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရခိုင်ပြည်နယ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ဇူလိုင် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပြိုင်ပွဲနှစ်ရက် နားမည်ဖြစ်ပြီး ဇူလိုင် ၂၁ ရက် ညနေ ၃ နာရီမှစတင်၍ အမျိုးသား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ တောင်ဒဂုံမြို့နယ် တောင်ဒဂုံအားကစားကွင်းတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ သန်လျင်မြို့နယ် သန်လျင်အားကစားကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်း၊ သဃ်န်းကျွန်းမြို့နယ် YTC လေ့ကျင့်ရေး ကွင်း(၁) (စက်ဘီးကွင်း) တွင် ရှမ်းပြည်နယ်အသင်းနှင့်ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ပါကြောင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း ပြန်လည် ဦးမော့ပြီး ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် ဘောလုံးအားကစားသမားများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်ကာ ယခုကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကို အားကစားနည်းများအလိုက် ကျင်းပပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများ၏ ရုပ်မြင်သံကြားပွဲတော်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

**ရှီအန်း ဇူလိုင် ၁၈**

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများ၏ ရုပ်မြင်သံကြားပွဲတော်ကို ဒုတိယအကြိမ်အဖြစ် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက တရုတ်နိုင်ငံ ရှန်ရှီးပြည်နယ် ရှီအန်းမြို့တော်ရှိ Xi'an Chanba International Conference Center ၌ ကျင်းပရာ အဖွဲ့ဝင်နိုင်ငံများအပြင် လေ့လာသူနှင့်ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။



အဆိုပါအဖွဲ့ကို ၂၀၀၁ ခုနှစ်က တရုတ်၊ ရုရှား၊ ဘယ်လာရုစ်၊ ကာဇက်စတန်၊ ကာဂျစ္စတန်၊ တာဂျစ္စတန်၊ ဥဇဘက်ကစ္စတန်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် အီရန် ၁၀ နိုင်ငံတို့ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ယခုပွဲတော်သို့ လေ့လာသူများအဖြစ် မွန်ဂိုလီးယားနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ အပြင် ဆွေးနွေးဖက်နိုင်ငံများ အဖြစ် အီဂျစ်၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ ကူဝိတ်၊ ယူအေအီး၊ တူကီယဲ၊ အဇာဘိုင်ဂျန်၊ အာမေးနီးယား၊ မော်လ်ဒိုက်၊ ကမ္ဘောဒီးယား၊ နီပေါ၊ သီရိလင်္ကာနိုင်ငံတို့နှင့်အတူ မြန်မာနိုင်ငံမှ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ တက်ရောက်သည်။

အဆိုပါ ရုပ်မြင်သံကြားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ရှန်ရှီးပြည်နယ် အစိုးရအဖွဲ့အကြီးအကဲ Mr. Zhao Gang က အဖွင့် အမှာစကားပြောကြားပြီး တရုတ်နိုင်ငံ အမျိုးသား ရေဒီယိုနှင့် ရုပ်မြင်သံကြား အုပ်ချုပ်ရေးဝန်ကြီးဌာန ဝန်ကြီး Ms. Cao Shumin က ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် နိုင်ငံများမှ တာဝန်ရှိသူများနှင့်အတူ ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်များ တစ်ပြိုင်တည်းနှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ထိုသို့ ဖွင့်လှစ်မှုနှင့် တစ်ချိန်တည်းတွင် တရုတ်နိုင်ငံ၏ ပိုးလမ်းမကြီးမှ မိုင်ပေါင်းတစ်သောင်းချစ်ကြည်ရေးခရီးစဉ်ကို ယာဉ်ငယ် ၁၂ စီး ခရီးသွား ၄၆ ဦး ပါဝင်သောယာဉ်တန်းဖြင့် တရုတ်နိုင်ငံ ရှီအန်းမြို့မှ SCO အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကာဇက်စတန်၊ ကာဂျစ္စတန်၊ တာဂျစ္စတန်၊ ဥဇဘက်ကစ္စတန် နိုင်ငံတို့သို့ စုဖွဲ့ ထွက်ခွာသွားကြသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ တက်ရောက်လာကြသည့်နိုင်ငံများမှ တာဝန်ရှိသူများနှင့်အတူ တရုတ်နိုင်ငံမှ မီဒီယာ အဖွဲ့အစည်းကြီးများဖြစ်ကြသော People's Daily, Xinhwa News Agency, CGTN, Xian ရုပ်သံဌာနတို့မှ တာဝန်ရှိသူများက မိတ်ဆက်ပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် Audio and Video Content Trade Market, Convergence and Communi–cation of Audio Visual Content and Audio – Video Industry Exchange and Cooperation ခေါင်းစဉ်အကြောင်းအရာများဖြင့် Parallel Session များကို နေရာများခွဲ၍ ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က နိုင်ငံတကာ ရုပ်သံများနှင့် မြန်မာရုပ်သံ ဖြစ်ပေါ် ပြောင်းလဲတိုးတက်မှုများ၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအား ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ညပိုင်းတွင် တက်ရောက်လာကြသည့် နိုင်ငံများမှ တာဝန်ရှိသူများသည် ပွဲတော်ကျင်းပရေး တာဝန်ရှိသူများနှင့်အတူ ရှီအန်းမြို့ရှိ OMNI CHANG'AN CON–CERT HALL တွင် SCO Night Show ကို Orchestra သံစုံတီးဝိုင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ အဖွဲ့များသည် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် ရှီအန်း အသံလွှင့်နှင့် ရုပ်သံဌာနကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရှင်ချိုဟန် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် ဂူဗိမာန်ကိုလည်းကောင်း သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းလှမြို့နယ်၌ ဦးတိုအခြေခံပညာမူလတန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်လှစ်

**မင်းလှ ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ထောက်ကြန့်ကွင်း (အမ်)ကျေးရွာအုပ်စု ဦးတိုကျေးရွာ၌ ဦးတိုအခြေခံပညာ မူလတန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ထူးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်ချိုက တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီး ဦးတင့်လွင်တို့က ဦးတိုအခြေခံပညာမူလတန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# စစ်တွေမြို့ ဓညဝတီအားကစားကွင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**စစ်တွေ ဇူလိုင် ၁၈**

ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ရှိ ဓညဝတီအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အားကစားသမားများအား စိုက်ပျိုးမည့် ပျိုးပင်များကို ပေးအပ်ကြသည်။

ယင်းနောက် သတ်မှတ်နေရာများ၌ ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပိုက်ကျော်ခြင်းကစားသမားများ၊ ဖူဆယ်ကစားသမားများ၊ သိုင်းကစားသမားများက ပျဉ်းကတိုး၊ မန်ကျည်းရှား၊ သပြေ ဘူတ စုစုပေါင်း ပျိုးပင် ၁၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA အဖွဲ့နှင့် MDY-PDF အမည်ခံအဖွဲ့ဝင် ၁၅ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

**နေပြည်တော် ဇူလိုင် ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အကြမ်းဖက် အဖွဲ့ဝင်များအနေဖြင့်လည်း ၎င်းတို့အဖွဲ့များ၏ အကျိုးစီးပွားအတွက် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း၊ အပြစ်မဲ့ပြည်သူများနှင့် ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ ပြည်သူပိုင်အဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် ၎င်းတို့အဖွဲ့များအတွင်း၌ပင် အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်ခံနိုင်ခြင်း မရှိတော့ဘဲ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုသည့်အတွက် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ နီးစပ်ရာ တပ်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်တွင် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့နယ်အတွင်းမှ TNLA အဖွဲ့ဝင် အမျိုးသား လေးဦး၊ DPLA အဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ငါးဦးနှင့် MDY–PDF အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၄ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။ ယနေ့တွင်လည်း DPLA အဖွဲ့မှ အမျိုးသား ငါးဦးနှင့် MDY–PDF အမည်ခံအဖွဲ့မှ အမျိုးသား ဆယ်ဦး စုစုပေါင်း ၁၅ ဦးတို့သည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ယုံကြည်လက်ခံခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်ပြီး နီးစပ်ရာ တပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့ရာ ၎င်းတို့အား တာဝန်ရှိသူများက ပြန်လည်လက်ခံ၍ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။



ထို့ပြင် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရသည့်အတွက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# KIA အဖွဲ့နှင့် KPF အဖွဲ့မှ အဖွဲ့ဝင် ၁၀ ဦး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်

**နေပြည်တော် ဇူလိုင် ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိရာ KIA အဖွဲ့နှင့် KPF အဖွဲ့တို့မှ အဖွဲ့ဝင် ၁၀ ဦးသည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။



ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်ကြိုဆို၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့တွင် ပူတာအိုမြို့ရှိ ဗန္ဓုလခန်းမ၌ ပြုလုပ်ရာ ပူတာအိုတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပူတာအိုမြို့နယ်အတွင်းမှ KIA အဖွဲ့ဝင်အမျိုးသား ခြောက်ဦးနှင့် KPF အဖွဲ့ဝင် အမျိုးသား လေးဦး စုစုပေါင်း ဆယ်ဦးတို့အား ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ၎င်းနောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့ အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက ၎င်းတို့၏လုပ်ရပ်များအပေါ် အမြင်မှန်များရရှိလာသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတကာသတင်း

# ဒေလီမြို့၌ ကျောင်းပေါင်း ၂၀ ကျော်တွင် ဗုံးအန္တရာယ်ခြိမ်းခြောက်မှုဖြစ်ပွား

**နယူးဒေလီ ဇူလိုင် ၁၈**

အိန္ဒိယနိုင်ငံ ဒေလီမြို့၌ ကျောင်းပေါင်း ၂၀ ကျော်ခန့် ဗုံးအန္တရာယ် ခြိမ်းခြောက်မှု မေးလ်များ ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက လက်ခံရရှိခဲ့သည်။

ဗုံးတပ်ဆင်ထားသည့် ခြိမ်းခြောက်ခံထားရသော ကျောင်းများတွင် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းများနှင့် ဗုံးရှာဖွေမှုများကို စေ့စေ့စပ်စပ်လုပ်ဆောင်ခဲ့ကြရသည်။ နောက်ဆုံးသတင်းရလဒ်များအရ ကျောင်းပရိဝုဏ်အတွင်း မည်သည့်ဗုံး၊ မည်သည့်ပေါက်ကွဲစေတတ်သည့် ပစ္စည်းမျှ ရှာဖွေတွေ့ရှိခဲ့ခြင်းမရှိဟု သိရသည်။

ခြိမ်းခြောက်သည့် မေးလ်များကြောင့် လုံခြုံရေးအေဂျင်စီများကြားတွင် ထိတ်လန့်မှုများဖြစ်ခဲ့သည်။

**ဆင်ဟွာ**

# တောင်အာဖရိကနိုင်ငံ၌ မျောက်ကျောက်ရောဂါပျံ့နှံ့မှု နှိမ်နင်းရန် ကာကွယ်ဆေးထိုးနှံမည်

**ဂျိုဟန်နက်စ်ဘာ့ဂ် ဇူလိုင် ၁၈**

တောင်အာဖရိက၌ ဓာတ်ခွဲခန်းမှ အတည်ပြုထားသည့် မျောက်ကျောက် ရောဂါကူးစက်မှုများကို ဆက်လက်တွေ့ရှိလာရသည့်အတွက် အမျိုးသားကျန်းမာရေးဌာနက ရောဂါပျံ့နှံ့မှုကို တားဆီးနှိမ်နင်းရန် ကာကွယ်ဆေး စတင်ထိုးနှံမည့် အစီအစဉ်ကို ကြေညာခဲ့သည်။

ကာကွယ်ဆေး ထိုးခြင်းဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရာတွင် အကူအညီဖြစ်မည်ဖြစ်သည်။

ကာကွယ်ဆေး ထိုးထားသည့် လူတစ်ဦးချင်းစီသည် ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်နိုင်သည့်အပြင် ပြင်းထန်သည့် နောက်ဆက်တွဲရောဂါများ ဖြစ်ပွားခြင်းမှလည်း ကာကွယ်နိုင်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဖိုစတာ မိုဟာလီက ဇူလိုင် ၁၆ ရက်တွင် ပြောသည်။

ဝက်စတန်းကိပ်နှင့် ဂေါ့တန်တို့တွင် မကြာသေးမီက ကူးစက်မှုနှစ်ခုတွေ့ရှိပြီးနောက် ကူးစက်မှုအန္တရာယ်မြင့်မားသည့် ပြည်နယ်သုံးခုတွင် ကာကွယ်ဆေးကို ရရှိနိုင်မည်ဟု အဆိုပါဌာနက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# တူကီယဲနိုင်ငံ၌ အိုင်အက်စ်ဟုသံသယရှိသူ ၁၅၃ ဦးကို ဖမ်းဆီး

**အန်ကာရာ ဇူလိုင် ၁၈**

ပြီးခဲ့သည့် သီတင်းပတ်နှစ်ပတ်အတွင်း အိုင်အက်စ်တို့ကို ပစ်မှတ်ထား၍ အကြမ်းဖက်တိုက်ဖျက်ရေး စစ်ဆင်ရေးများကို တူကီယဲနိုင်ငံ ပြည်နယ် ၂၈ ခုတွင် ပြုလုပ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အိုင်အက်စ်ဟု သံသယရှိသူ ၁၅၃ ဦးထက်မနည်း ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်ဟု ဝန်ကြီးတစ်ဦးက ဇူလိုင် ၁၈ ရက်တွင် ပြောသည်။

အက်ဒါနာ၊ အန်တယ်ရာ၊ အစ္စတန်ဘူလ်၊ အစ်ဇ်မီယာနှင့် အခြားသော ပြည်နယ် ၂၄ ခုတွင် အိုင်အက်စ်ဟု သံသယရှိသူများကို ပစ်မှတ်ထားကာ စစ်ဆင်ရေးပြုလုပ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး အလီယာလီကာယာက လူမှုကွန်ရက်မီဒီယာမှတစ်ဆင့် ပြောကြားခဲ့သည်။

ဖမ်းဆီးခံထားရသူများမှာ အိုင်အက်စ်အဖွဲ့ဝင်များဟု စွပ်စွဲခံထားရသူများဖြစ်ပြီး ၎င်းတို့၏ ဆိုရှယ်မီဒီယာအကောင့်များမှတစ်ဆင့် အကြမ်းဖက်ဝါဒဖြန့်မှုများ လုပ်ဆောင်ခဲ့ကြသူများဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ စစ်ဆင်ရေးကို ခေတ္တရပ်နားခြင်းမရှိဘဲ ဆက်လက်လုပ်ဆောင်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## မိုးနဲမြို့နယ်၌ ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေး လူငယ်စကားဝိုင်းကျင်းပ

**မိုးနဲ ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မိုင်ဟိုင်းကျေးရွာအုပ်စု နမ့်စလိုင်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကလေးအလုပ်သမား လျှော့နည်းပပျောက်ရေး လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။




ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းလှဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက လူငယ်စကားဝိုင်းများ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လူငယ်စကားဝိုင်း ဆွေးနွေးပွဲတွင် Grade-5 ကျောင်းသူ နန်းဆိုင်နွံက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade-6 ကျောင်းသား စိုင်းဆိုင်ဝမ်း၊ Grade- 5 ကျောင်းသားများဖြစ်ကြသော မောင်ဝဏ္ဏထွန်း၊ မစုရတီဖြိုးနှင့် မအိအိဇော်တို့က မြန်မာနိုင်ငံ ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေး ဥပဒေစည်းမျဉ်းများ၊ ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေမှု၊ ကလေးအလုပ်သမားဖြစ်ရခြင်း၏ အကြောင်းရင်း၊ ဘေးအန္တရာယ်ရှိသော ကလေးအလုပ်သမား စသည့်ခေါင်းစဉ်များကို အချင်းချင်း အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူက ပြန်လည်ဖြေကြားပေးခဲ့ကြောင်းသိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



## ဇမ္ဗူသီရိမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်း

**နေပြည်တော် ဇူလိုင် ၁၈**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၁၆၅၉)၊ ဦးပိုင်(၇၀)၌ စိုက်ပျိုးထားသည့် ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါး စံကွက်ရိတ်သိမ်းခြင်းကို ဇူလိုင် ၁၇ ရက်တွင် တောင်သူ ဦးကျော်မြင့်ဦးပိုင်စံပြကွက်၌ ကျင်းပသည်။

အဆိုပါ နွေစပါးစံကွက်ရိတ်သိမ်းရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြု ခရိုင်ရုံးဝန်ထမ်းများ၊ ဇမ္ဗူသီရိမြို့နယ် မြေစာရင်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ရိတ်သိမ်းခဲ့ရာ နံ့ကောက်စပါးမျိုးကွဲ(ကောင်း) ကိုယ်စားပြုအလွှာတွင် အစိုထွက် ၁၁၀ ဒသမ ၆၈ တင်း၊ အခြောက်ထွက် ၁၀၄ ဒသမ ၀၉ တင်း ထွက်ရှိကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

## ရန်ကင်းမြို့နယ်၌ အခွန်ဆိုင်ရာပြဋ္ဌာန်းချက်များ လိုက်နာဆောင်ရွက်ရန် ရှင်းလင်း

**ရန်ကုန် ဇူလိုင် ၁၈**

ပြည်တွင်းအခွန်များ ဦးစီးဌာန အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၄) အခွန်ဆိုင်ရာ ရှင်းလင်းပွဲကို ဇူလိုင် ၁၈ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း စိမ်းလဲ့မေရိပ်သာ လမ်းသွယ်ရှိ အဆိုပါရုံး၌ ပြုလုပ်သည်။



အဆိုပါ ရှင်းလင်းပွဲတွင် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၄) ဌာနမှူး ဒေါ်အိအိခိုင်က အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်နီလာရွှေက တည်ဆဲအခွန်ဆိုင်ရာပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအတွက် ဒဏ်ကြေးနှင့် ပြစ်ဒဏ်များ ဆိုင်ရာ ဥပဒေများအလိုက် ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် ကုမ္ပဏီများမှတာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးကြသည်။

ယင်းအခွန်ဆိုင်ရာ ရှင်းလင်းပွဲသို့ ကုမ္ပဏီ ၂၀၀ မှတာဝန်ရှိသူ ၂၅၀ ကျော် တက်ရောက်ခဲ့ကြောင်းသိရသည်။ **အာကာလင်း**



## တာမွေမြို့နယ် ပဒေသာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပဒေသာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို တာမွေမြို့နယ် အမှတ် (၃၀) အခြေခံပညာမူလတန်းကျောင်း၌ ယနေ့ကျင်းပသည်။

ဦးစွာ အသင်းဥက္ကဋ္ဌ ဦးကျော်မြင့်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဒေါ်သီရိမွန်က အမှာစကားပြောကြားသည်။ ထို့နောက် အသင်းသား ၁၆၁ ဦးအား အသင်းသားဝေစုနှင့် အစုပေါ်အမြတ် ၃၁၃၀၀၈၂ ကျပ်နှင့် လက်ဆောင်များပေးခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ပျော်ဘွယ်မြို့နယ်၌ ခရိုင်ချင်းဆက်လမ်းပိုင်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**ပျော်ဘွယ် ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၄ ဒသမ၂၁ သန်းဖြင့် ဘုရားငါးဆူ-တွင်းရွာ-ခရိုင်ချင်းဆက်လမ်းပိုင်း လမ်းအရှည်(၁/၂)မိုင် ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရမည်းသင်းခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ပျော်ဘွယ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) တို့က ဇူလိုင် ၁၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မန္တလေးတိုင်းဒေသကြီး အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၅) ၏ အခွန်ဆိုင်ရာပညာပေး ရှင်းလင်းဆွေးနွေး



**မန္တလေး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)၏ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီခွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲတွင် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅) ဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးအောင်မြင့်က အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်အောင်ဆွေက ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို အသေးစိတ်ရှင်းလင်းဆွေးနွေးရာ ကုမ္ပဏီလုပ်ငန်းရှင် စုစုပေါင်း ၅၄ ဦး တက်ရောက်ကြကြောင်းနှင့် အခွန်ဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဝေငှခဲ့သည်။

**၂၂၂**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် The Golden Octopus Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် WULING STARLIGHT S အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Aung Gabar Motor Services Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် SAIC MAXUS MIFA 9 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ဇူလိုင် ၇ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**



❍ *ကျောဖုံးမှ*

ခြေစစ်ပွဲအဆင့်မှ စတင်ကစားရခြင်းဖြစ်သည်။ ပြိုင်ပွဲကို ဇုန်နှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ်များယှဉ်ပြိုင်ရမည့် အရှေ့အာရှဇုန်တွင် ရှမ်းယူနိုက်တက် (မြန်မာ)၊ PKR Svay Rieng (ကမ္ဘောဒီးယား)၊ ဒီဝါယူနိုက်တက် (အင်ဒိုနီးရှား) နှင့် AFC Champions League Two ခြေစစ်ပွဲ ဖိလစ်ပိုင်ကလပ် မနီလာအသင်းနှင့် အင်ဒိုနီးရှားကလပ် ပါဆစ်ပွဲမှ အရေးနိမ့်သည့်အသင်းတို့မှ အုပ်စုအဆင့်မှ တိုက်ရိုက်ကစားခွင့်ရမည်ဖြစ်ပြီး ခြေစစ်ပွဲအဆင့်တွင် ရှစ်သင်း ယှဉ်ပြိုင်ကာ အနိုင်ရသည့် လေးသင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ခြေစစ်ပွဲအဖြစ် ရန်ကုန်ယူနိုက်တက် (မြန်မာ) နှင့် Ezra (လာအို)၊ ကာဆူကာ (ဘရူနိုင်း) နှင့် ဖနွမ်းပင်ခရောင်း (ကမ္ဘောဒီးယား)၊ တိုင်နန်စီးတီး (တရုတ်တိုင်ပေ) နှင့် မွန်ဂိုလီးယားဖလားပြိုင်ပွဲချန်ပီယံအသင်း၊ SP Falcons (မွန်ဂိုလီးယား) နှင့် Taichung Futuro (တရုတ်တိုင်ပေ) အသင်းတို့ ဩဂုတ် ၁၂ ရက်တွင် တစ်ကျော့တည်း ကစားရမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-သော်လေး**

## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## မဟာဘွဲ့သင်တန်းများနှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းဝင်ခွင့်လျှောက်လွှာ ခေါ်ယူခြင်း
## ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၂၀၂၅-၂၀၂၆) ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းများနှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်-

**မဟာဘွဲ့သင်တန်းများ**

(က) အသုံးချစာရင်းအင်းပညာမဟာဘွဲ့ (Master of Applied Statistics_MAS) Online သင်တန်း
(ခ) ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးပညာမဟာဘွဲ့ (Master of Banking and Finance_MBF) Online သင်တန်း
(ဂ) ဈေးကွက်စီမံခန့်ခွဲမှုပညာမဟာဘွဲ့ (Master of Marketing Management _MMM) Online သင်တန်း
(ဃ) ဧည့်ဝတ်နှင့်ခရီးသွားလာရေးစီမံခန့်ခွဲမှုမဟာဘွဲ့ (Master of Hospitality and Tourism Management_MHTM) Online သင်တန်း

**ဘွဲ့လွန်ဒီပလိုမာသင်တန်းများ**

(က) သုတေသနပညာဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma in Research Studies_PGDRS) Online သင်တန်း
(ခ) ဈေးကွက်ဆိုင်ရာစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma in Marketing Management_PGDMM) Online သင်တန်း

၂။ အဆိုပါ မဟာဘွဲ့သင်တန်းများနှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းအတွက် အောက်ပါ အရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) အခြားတက္ကသိုလ်တစ်ခုခုတွင် သင်တန်းတစ်ခုခုကို တစ်ပြိုင်တည်း တက်ရောက်နေသူ မဖြစ်စေရ။
(ဂ) သက်ဆိုင်ရာ သင်ရိုးနှင့်အညီ သတ်မှတ်ထားသောအချိန်အတိုင်း ပြည့်မီစွာတက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) မဟာဘွဲ့သင်တန်းများအတွက် သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲနှင့် လူတွေ့အကဲဖြတ် စစ်ဆေးခြင်းတို့ကို လူကိုယ်တိုင် လာရောက် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။
(င) MAS(Online)သင်တန်းအတွက် လုပ်ငန်းခွင်လုပ်သက်အနည်းဆုံး(၂)နှစ်၊(၁-၇-၂၀၂၅)ရက်နေ့တွင် အသက်(၂၅)နှစ်ပြည့်ပြီး သူ နှင့် Basic Computing Skills(Microsoft Word and Excel) တတ်ကျွမ်းသူဖြစ်ရမည်။
(စ) MBF (ONLINE)သင်တန်းအတွက် ဘဏ်လုပ်ငန်း၊ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းခွင်တစ်ခုခု၌ အလယ်အလတ်အဆင့်စီမံခန့်ခွဲမှု တွင် လုပ်ငန်းခွင်အတွေ့အကြုံလုပ်သက်အနည်းဆုံး(၃)နှစ်ရှိသူဖြစ်ပြီး (၁-၇-၂၀၂၅) ရက်နေ့တွင် အသက်(၂၅)နှစ်ပြည့်ပြီး သူဖြစ်ရမည်။
(ဆ) MMM (Online) သင်တန်းအတွက် ဈေးကွက်ဆိုင်ရာ အလယ်အလတ်အဆင့်စီမံခန့်ခွဲမှုတွင် လုပ်ငန်းခွင်အတွေ့အကြုံ လုပ်သက်အနည်းဆုံး(၃)နှစ်ရှိသူဖြစ်ပြီး (၁-၇-၂၀၂၅) ရက်နေ့တွင် အသက်(၂၅) နှစ်ပြည့်ပြီးသူဖြစ်ရမည်။
(ဇ) MHTM (Online) သင်တန်းအတွက် ဧည့်ဝတ်နှင့်ခရီးသွားလုပ်ငန်း(သို့)အဖွဲ့အစည်းတစ်ခုခု၌ အလယ်အလတ်အဆင့် စီမံခန့်ခွဲမှုတွင် လုပ်ငန်းခွင်အတွေ့အကြုံလုပ်သက်အနည်းဆုံး(၃)နှစ်ရှိသူဖြစ်ပြီး (၁-၇-၂၀၂၅)ရက်နေ့တွင်အသက်(၂၅)နှစ် ပြည့်ပြီးသူဖြစ်ရမည်။
(ဈ) PGDMM (Online) သင်တန်းအတွက် လုပ်ငန်း(သို့)အဖွဲ့အစည်းတစ်ခုခု၌ ဈေးကွက်ဆိုင်ရာ လုပ်ငန်းခွင်အတွေ့အကြုံ (လုပ်သက်) အနည်းဆုံး(၂)နှစ်ရှိသူဖြစ်ရမည်။
(ည) PGDRS (Online) သင်တန်းအတွက် Basic Computing Skills(Microsoft Word and Excel) တတ်ကျွမ်းသူ ဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့်သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ကမာရွတ်နယ်မြေရှိ အောက်ဖော်ပြပါဌာနများတွင် သတ်မှတ်ရက်အတွင်း တင်သွင်းလျှောက်ထားနိုင်ပါသည်။

| စဉ် | သင်တန်းအမည် | လျှောက်လွှာတင်သွင်းရမည့်ရက် | ရေးဖြေ ဖြေဆိုရမည့်ရက် | ဆက်သွယ်ရမည့် နယ်မြေ/ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁။ | MAS(Online) | ၁၇-၇-၂၀၂၅ မှ ၁၇-၁၀-၂၀၂၅ ထိ | ၁၉.၁၀.၂၀၂၅ (တနင်္ဂနွေနေ့) | အခန်း(၂၁၂)၊စာရင်းအင်း ပညာဌာန (၀၉-၄၄၂၀၃၇၀၂၃,၀၉-၆၉၆၁၂၈၄၇၂) |
| ၂။ | MBF, MHTM, MMM (Online) | ၂၂-၇-၂၀၂၅ မှ ၂၄-၉-၂၀၂၅ ထိ | ၂၈-၉-၂၀၂၅ (တနင်္ဂနွေနေ့) | အခန်း(၁၀၃)၊ ဝါဏိဇ္ဇဗေဒဌာန၊ (၀၉၄၄၂၆၃၁၈၉၈) |
| ၃။ | PGDRS (Online) | ၁၇-၇-၂၀၂၅ မှ ၂၄-၁၀-၂၀၂၅ ထိ | နှုတ်ဖြေ ဖြေဆိုရမည့်ရက်၁.၁၁.၂၀၂၅ | အခန်း(၂၁၂)၊စာရင်းအင်းပညာဌာန (၀၉-၄၄၂၀၃၇၀၂၃,၀၉-၆၉၆၁၂၈၄၇၂) |
| ၄။ | PGDMM (Online) | ၂၂-၇-၂၀၂၅ မှ ၂-၁၀-၂၀၂၅ ထိ | နှုတ်ဖြေဖြေဆိုရမည့် ရက် ၁၄.၁၀.၂၀၂၅ | အခန်း(၁၀၃)၊ဝါဏိဇ္ဇဗေဒဌာန၊ (၀၉၄၄၂၆၃၁၈၉၈) |

ဌာနမှူး(သင်တန်း)
ရန်ကုန်စီးပွားရေးတက္ကသိုလ်

---

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 71W/37046, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လွင် ၁၄/ဇလန(နိုင်)၀၆၉၉၈၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟင်္သာတ)

---

### “အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ အမှတ်(၁၂/က)၊ (အလျား ၄၁ပေ/၄၅ပေ x အနံ၁၀၄ပေ) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းသူ ဒေါ်ကြည်ကြည်ဝင်း(၁၂/ကတတ(နိုင်)၀၀၄၂၉၁) မှ အရပ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အားချင်(၁၃/လရန(နိုင်)၁၁၇၈၃၀)မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အဆောက်အဦးအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စုစုငြိမ်း LL.B., D.B.L., D.I.L.
တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၉၂၈၉
အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၃၇၃၀၄၆၊ ၀၉ ၅၄၀၆၆၁၁

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 30W/68807, Honda Wave-NS110S , MOTOR CYCLE ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းစုလှိုင် ၃/ကကရ(နိုင်)၁၅၉၉၃၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ကော့ကရိတ်)

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၈) ပဲခူးမြစ်လမ်း၊ မြေကွက်အမှတ် (၆၁၈)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ) ရှိ ဒေါ်အိရိသီရယ်ပုစ်ဖုန်းမေရီ (၁၂/မဂတ (နိုင်) ၀၇၃၃၉၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်အိရိသီရယ်ပုစ်ဖုန်းမေရီ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

---

### အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/1556 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၃၇၊ မောရဝတီကျောကပ်လမ်း၊ မြေကွက်အမှတ်(၇၄၆)၊ အကျယ် (၄၀'x ၆၀')ရှိ ပါမစ်မြေအမျိုးအစား မြေကွက်သည် ဒေါ်အေးကြိုင်အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ အဆိုပါမြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် ခြေရင်းဘက် (မြေကွက်အမှတ်-၇၄၇နှင့်ကပ်လျက်) အကျယ်(၂၀'x၆၀')ရှိ ပါမစ်မူရင်း မြေကွက်အား အရောင်းအဝယ်စာချုပ်(အရပ်ကတိ)အဆက်စပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မွေကျဟဝန်ခံသူ ဒေါ်ခင်မျိုးအေး(၈/ငဖန(နိုင်)၀၂၀၈၁၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ် သူ ဦးသန်းအောင်(၁၂/မဂဒ(နိုင်) ၀၉၆၁၁၂)သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည့် မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာမှတ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင် သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးမျိုးသန့်(LL.B) (C.B.L) အထက်တန်းရှေ့နေ (စဉ် - ၄၅၇၀၅)
အမှတ် ၁၄၅၁၊ သီပေါလမ်း၊ ၅၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉၇၇၁၉၇၁၀၆၄

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ဒက္ခိဏသီရိအရှေ့ရပ်၊ မြေကွက်အမှတ် (ဒ-၂၄၁၁)၊ မြေဧရိယာ၀.၂၂၉ဧကရှိ ဦးသိန်းဟန်(ခ) သောင်းဟန်(ဘ)ဦးယိုအိစိန်(ခ)ဦးမြင့် ၁၂/လမတ(နိုင်) ၀၂၁၄၅၅အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးသိန်းဟန်(ခ)သောင်းဟန်ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၃၂၅/၂၀၂၂)(၂၈-၇-၂၀၂၁)ရရှိထားသူ ဒေါ်နှင်းဝတ်ရည်(ဘ)ဦးညွန့်လှိုင် ၁၂/ဒဂတ(နိုင်)၀၄၇၆၉၂မှ ဦးစိန်မြင့်အောင်(ဘ)ဦးဖိုးကီး ၁၃/နစန(နိုင်)၀၃၉၉၉၀နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

---

### “အများသိရှိနိုင်စေရန်ကြေညာခြင်း”

“ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးညီညီအောင် (၁၁/ကဖန(နိုင်) ၀၁၅၆၆၅) ၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးညီညီအောင် (၁၁/ကဖန(နိုင်) ၀၁၅၆၆၅)နှင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ရီရီသန်း (၁၁/ကဖန(နိုင်) ၀၀၆၅၂၂)တို့သည် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ (၁၇-၇-၂၀၂၅) ရက်နေ့တွင် မှတ်ပုံတင်အမှတ်-၂၀၇/၂၀၂၅ ဖြင့် အသိသက်သေများ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီး၍ ပစ္စည်းခန်းများလည်း ခွဲဝေရယူခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးညီညီအောင်(၁၁/ကဖန(နိုင်)၀၁၅၆၆၅)နှင့်ဇနီးဖြစ်သူ ဒေါ်ရီရီသန်း (၁၁/ကဖန(နိုင်) ၀၀၆၅၂၂)တို့သည် တရားဝင်ကွာရှင်းပြတ်စဲပြီး၍ ပစ္စည်းခန်းများလည်း ခွဲဝေရယူပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး နောက်နောင် မည်သို့မျှပတ်သက်စပ်ဆိုင်ခြင်း မရှိတော့ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ် မေသဥ္စာသိန်း (LL.B) (စဉ် - ၁၄၅၉၈) ဒေါ်ပွင့်သူဇာ(LL.B) (စဉ်-၁၄၅၉၂)
တရားလွှတ်တော်ရှေ့နေများ
အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉

---

### ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်(၅၅)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ မြေညီထပ်(တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း (၁၃ပေခွဲ x၅၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည် ဟု အဆိုပြုသူ ဒေါ်ရွှေမေ (၁၃/လရန(နိုင်)၀၂၀၉၇၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးညီညီထွန်း (၁၁/စတန(နိုင်)၀၀၂၁၀၅)က အပြီးအပိုင်ဝယ်ယူရန် သဘောတူ သည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်း တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်း အဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဘူမောင် (LL.B) (စဉ် - ၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း (LL.B) (စဉ်-၂၇၀၇၅)
အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/4953 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မြိတ်)

---

### ဖခင်အမည်မှန်

ထားဝယ်မြို့၊ ကြက်စားပြင်ရပ်ကွက်နေ အထက(၃)၊ Grade-12 မှ မောင်ဖွဲ့ဧယျာစိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်ထွန်း (၆/ထဝန(နိုင်)၁၂၈၃၉၀) ဖြစ်ပါကြောင်း။

ဦးဇော်ထွန်း

---

### “အများသိရှိနိုင်စေရန်ကြေညာခြင်း”

“ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးညီညီအောင် (၁၁/ကဖန(နိုင်) ၀၁၅၆၆၅) ၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးညီညီအောင် (၁၁/ကဖန(နိုင်) ၀၁၅၆၆၅) နှင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ရီရီသန်း (၁၁/ကဖန(နိုင်) ၀၀၆၅၂၂)တို့သည် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ (၁၇-၇-၂၀၂၅) ရက်နေ့တွင် မှတ်ပုံတင်အမှတ်-၂၀၇/၂၀၂၅ ဖြင့် အသိသက်သေများ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီး၍ ပစ္စည်းခန်းများလည်း ခွဲဝေရယူခဲ့ပြီး ဖြစ်ပါသည်။

ထို့အပြင် ဦးညီညီအောင် နှင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ရီရီသန်းတို့မှ မွေးဖွားသော သမီး (၂) ဦးဖြစ်သည့် မဆုလှဲ့နန္ဒာ (၉/မသန(နိုင်)၁၅၁၄၁၁)နှင့် မဆုရည်နန္ဒာ (၁၂/တမန(နိုင်)၁၂၈၀၀၀)တို့သည် မိခင်ဖြစ်သူ ဒေါ်ရီရီသန်းနှင့် အတူနေထိုင်သောကြောင့်လည်းကောင်း၊ ဒေါ်ရီရီသန်းမှ ထိန်းသိမ်းစောင့်ရှောက်သွားမည် ဖြစ်သောကြောင့်လည်းကောင်း၊ ၎င်းတို့(၂)ဦးမှာ အရွယ်ရောက်ပြီး သူများဖြစ်၍လည်းကောင်း၊ သမီး(၂) ဦးဖြစ်သည့် မဆုလှဲ့နန္ဒာနှင့် မဆုရည်နန္ဒာတို့၏ နောင်တစ်ချိန်တွင် ပေါ်ပေါက်လာမည့် ကိစ္စအဝဝနှင့်ပတ်သက်၍ ဦးညီညီအောင်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ဖခင်ဖြစ်သူ ဦးညီညီအောင်၏ ဆိုဆုံးမမှုများကို မဆုလှဲ့နန္ဒာနှင့် မဆုရည်နန္ဒာတို့မှ နာခံမှု မရှိသည့်အတွက် ဦးညီညီအောင်သည် အမြဲစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်ရသဖြင့် ဦးညီညီအောင်အနေဖြင့် သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ် မေသဥ္စာသိန်း (LL.B) (စဉ် - ၁၄၅၉၈) ဒေါ်ပွင့်သူဇာ(LL.B) (စဉ်-၁၄၅၉၂)
တရားလွှတ်တော်ရှေ့နေများ
အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ အထက(ခွဲ)Grade-3 မှ မောင်ဇင်လင်းဦး၏ဖခင် ဦးမောင်ဇင်နှင့် ဦးဇင် ၇/ပမန(နိုင်)၂၀၄၉၉၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်ဇင်(ခ)ဦးဇင်

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7W/75738, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းအေးအေးလွင် ၃/ဘအန(နိုင်)၀၀၄၇၁၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(ဘားအံ)

---

### ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ လယ်သာ(၁) ကျေးရွာအုပ်စု၊ မယ်ဇလီကျေးရွာနေ ဦးအောင်သန်း ၏သား မောင်သန့်ဇင် ၈/တတက(နိုင်)၁၀၃၉၃၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် MB 345588 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

09 761 624 670

---

### ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ လယ်သာ(၁) ကျေးရွာအုပ်စု၊ မယ်ဇလီကျေးရွာနေ ဦးအောင်ကျော်မြင့်၏သမီး မမြတ်မြတ်မွန် ၈/တတက(နိုင်)၁၇၀၆၅၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် MD 789157 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09 761 624 670

---

### ဖခင်အမည်မှန်

မြိတ်မြို့၊ အထက-၉ Grade-8 မှ မောင်ညီလေး ထက်နှင့် ကောဒသမတန်းမှ မပိုးအိဖြူတို့၏ ဖခင်အမည် မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးဖြူဝင်း ၃/ဘအန(နိုင်) ၂၀၂ ၀၃၆ ဖြစ်ပါကြောင်း။

ဦးဖြူဝင်း

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဧဃ/၉၆၃၄, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုး ၆/မမန(နိုင်)၁၃၄၉၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြိတ်)

---

### ဖခင်အမည်မှန်

မြောင်းမြမြို့နယ်၊ အထက(ခွဲ)ဆင်ကူးကျောင်း G-12 (STEAMS-2)ကျောင်းဝင်အမှတ်(၆၇၀)၊ မဝင့်ခြူးမေ၏ ဖခင်အမည်မှန်မှာ ဦးဇင်မင်းထွန်း ၁၄/မမန(နိုင်)၂၁၃၂၈၂ ဖြစ်ပါကြောင်း။

ဦးဇင်မင်းထွန်း

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၄၃၃၃)၊ မြေဧရိယာ (၀.၀၈၂) ဧကရှိ ဒေါ်မြင့်မြင့်ဌေး (ဘ)ဦးအောင်ခင် ၁၂/ရပသ(နိုင်)၀၀၆၇၄၄ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်မြင့်မြင့်ဌေးမှ ဦးလွင်သန့်ဇင် (ဘ) ဦးမြင့်သန်းလွင် ၈/ပမန(နိုင်)၀၇၇၂၉၅နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အောင်နန်းမင်္ဂလာလမ်း၊ အိမ်အမှတ် - ၅/၁၂၇၊ ကွင်းအမှတ် - ၂၃၊ ကွင်းအမည်ရွှေညောင်ပင်ကွင်း၊ ဦးပိုင်အမှတ်-၄/၈/၂၂၊ G3 မြေအမျိုးအစား ဧရိယာ (၀.၀၆၁) ဧကရှိ ဦးဟူစိန် အမည်ပေါက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်တိုက် အိမ်အဆောက်အအုံနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ "ဦးဟူစိန်" [(ဘ)ဦးလန်ဘား ၃/ဘအန(စ)၀၀၀၈၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ "ဦးမင်းမင်းဦး"[(ဘ)ဦးအေးမင်း၊ ၃/ဘအန(နိုင်) ၂၈၆၉၈၈၊ အိမ်အမှတ် - ၁/၁၀၀၊ ပဒုမ္မာလမ်း၊ အမှတ်(၁)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမင်းမင်းဦး**
**၃/ဘအန(နိုင်)၂၈၆၉၈၈**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၆၃၆၈) အိမ်အမှတ်၊**
**၄/က-၆၂၅၊ ခရေလမ်း၊ အမှတ်(၄) ရပ်ကွက်၊**
**ဘားအံမြို့၊ ကရင်ပြည်နယ်၊**
**ဖုန်း -၀၉-၆၆၈၂၈၁၇၆၂**

## မွေးသက္ကရာဇ်အမှန်

ဖြူးမြို့နယ်၊ အထက (ညောင်ပင်သာ) ကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်မြမြသန်း ၇/ဖမန(နိုင်) ၀၄၈၄၆၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၆-၁၉၆၈ဖြစ်ပါကြောင်း။

**ဒေါ်မြမြသန်း**

## ဖခင်အမည်မှန်

စစ်တွေမြို့၊ အထက(ခွဲ) စက်ရုံစု Grade-5 မှ မထက်ထက်ခိုင်၏ဖခင် ဦးစိုးဝင်း၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမောင်သန်းဝင်း ဖြစ်ပါကြောင်း။

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ စာပန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးရူပ၏သား အမည်မှန်မှာ မောင်အံ့ဘုန်းရှိန် ဖြစ်ပါကြောင်း။

## အမည်နှင့် မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ မြတ်မဟော် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6တွင် ပညာသင်ကြားနေသော (ဘ)ဦးထူးကို၏သား အမည်မှန်မှာ မောင်အံ့ဘုန်းမြတ်၊ မွေးသက္ကရာဇ်မှာ ၂၅-၈-၂၀၁၃ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ နီလာ(၁)လမ်း၊ အမှတ်(၃၆၄)၊ ပထမထပ်၊ ၂-လွှာ၊ ခေါင်းရင်းခန်း(A)တိုက်ခန်းအပါအဝင် အဆိုပါတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးမင်းအောင် ၁၄/ဖပန(နိုင်)၀၀၈၈၂၃ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးလင်းလက်ထိုက် ၁၂/ဥကမ(နိုင်)၂၇၄၉၇၃၊ ဒေါ်ဆုဇန်မြင့်အောင် ၁၂/ဥကမ(နိုင်)၂၁၇၁၈၇တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)**
**ဒေါ်ခင်စောသိန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)**
**ဒေါ်သိမ့်သဥ္ဇလီ (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၅၆၈၈၇)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉ ၇၃၀၂၆၁၉၉၊ ၀၉ -၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ထီအုံရွာ၊ နောင်လေးအုပ်စု၊ မူဟောင်း-ထီအုံလမ်းရှိ (အလျား ၃၀ x အနံ ၆၀) ပေမြေကွက်အား အဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်လက်ရှိထား အကျိုးခံစားပြီး ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်နန်းခမ်းလီ (၁၃/တယန(နိုင်)၀၃၅၄၀၉)ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးသိန်းဇော် (၁၂/မဘန(နိုင်)၀၉၇၅၄၉) က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ထိုရောင်းချသော မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ရုံးချိန်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။ ကန့်ကွက်သူမရှိ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအားပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ကျော်**
**LL.B.,B.A(Business Law)., C.B.L., DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၇၉)**
**အမှတ်(၇၈)ပထမထပ်၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်မြို့၊ Ph: 09-5045140, 09 – 250729155**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း(၄၃)၊ ဖိုးရာဇာလမ်း၊ မြေကွက်အမှတ် (၁၅၀၆)၊ ဧရိယာပေ (၄၀x၆၀)ရှိ ဦးဝင်းမြတ်သူ အမည်ပေါက် နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းမြတ်သူ (၁၂/မရက(နိုင်)၁၅၈၄၉၅)ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေပေးထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၀)ရက်အတွင်း ခိုင်မာသောအထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၅၇၅)**
**ဖုန်း-၀၉-၄၂၃၇၂၅၅၂၀**

## မိဘအမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ ဆုမြတ်ပန်းတိုင်ကိုယ်ပိုင်ကျောင်း G-12 မှ မစန်းစန်းဝင်း၏ မိဘအမည်မှန်မှာ ဦးမောင်ဇော် ၁၀/မဒန(နိုင်)၁၄၁၇၃၃၊ ဒေါ်ငြိမ်းရင် ၁၀/မဒန(နိုင်)၁၅၈၁၁၄ ဖြစ်ပါကြောင်း။

**ဦးမောင်ဇော်၊ ဒေါ်ငြိမ်းရင်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ အထက ညောင်ပင်သာကျောင်း Grade-5မှ မခင်မြတ်မြတ်ထွန်း၏ဖခင်အမည်မှန်မှာ ဦးနေလင်းထွန်း ဖြစ်ပါကြောင်း။

**ဦးနေလင်းထွန်း**
**၉/ မထလ(နိုင်)၁၈၃၇၈၇**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၆-၂၀၂၅ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၅) ကော်လံတွော်အရာရှိ မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်းကြော်ငြာတွင် ၁၆-၁-၂၀၂၅ အစား ၁၆-၆-၂၀၂၅ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 73W/22182, Honda Wave- 100 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထိုက် ၁၄/ဟသတ(နိုင်) ၀၄၈၇၂၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့၊ ရွာကောက်အုပ်စု၊ ကုန်းမြင့်ရပ်ကွက်နေ ဦးကြည်ဝင်း-ဒေါ်ခင်နွဲ့ရီတို့၏သမီး မခိုင်ဇာနွယ်(ခ)ခိုင်ဇာ ၉/ပမန(နိုင်)၁၉၄၃၂၂ သည် မိဘ၏ပြောဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များပြုလုပ်နေသောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက် ဆက်နွှယ်သော လူမှုရေး၊ ငွေရေးကြေးရေးနှင့် အခြားမည့်သည့် ကိစ္စအဝဝမှန်သမျှ အားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မခိုင်ဇာနွယ်(ခ)ခိုင်ဇာနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘ-ဦးကြည်ဝင်း၊ အမိ-ဒေါ်ခင်နွဲ့ရီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈ယ/၉၁၀၂၂, Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ခိုင် ၉/လဝန(နိုင်)၀၃၉၃၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/73707, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသူရထွန်း ၁၄/ပသန(နိုင်) ၁၀၉၅၁၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၇)၊ မြေကွက်တည်နေရာအမှတ်(၇)၊ မဟာဗန္ဓုလလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်) ဒေါ်လှရှင် ၁၂/ဥကမ(နိုင်)၀၂၂၁၅၂ အမည် ပေါက်နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား ဂရန်အမည်ပေါက် ဒေါ်လှရှင်ထံမှ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၉၈၅၀/၂၃၊ ၈၊၁၁၊ ၂၀၂၃ဖြင့် ပိုင်ဆိုင်သူ ဦးအောင်ကျော်မင်း၊ ဒေါ်မိုးမိုးအောင်၊ ဒေါ်ခိုင်ကြူကြူအောင်တို့အား တရားပြိုင်ထားကာ ဒေါ်ထွေးကြည်၊ ဒေါ်ရတနာထက်တို့မှ တရားလိုပြုလုပ်၍ ဒဂုံမြောက်မြို့နယ် တရားမရုံး၌ တရားမကြီးမှုအမှတ် ၁၉၄/၂၀၂၄ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီ ချမှတ်သည့် ၁၇၊၁၊၂၀၂၅ ရက်စွဲပါစီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ် ၆/၂၀၂၅ တို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်လဲ့လဲ့ခိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉မှ တရားရုံးအမိန့်၊ ဘီလစ်ခန့်စာ၊ ဂရန် ၊ နိုင်ကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၁) မြေကွက်အမှတ် (၁၉၂)၊ (၁၉၆)၊ (၁၉၇)၊ (၂၁၄)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)စီရှိ ဦးခင်ဦး (၁၂/လသန (နိုင်) ၀၀၉၆၆၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်(၄)ကွက်နှင့် ယင်းမြေကွက်(၄)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီတာဦး (၁၃/နခန (နိုင်) ၀၄၇၇၆၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**

**ဒေါ်လင်းလင်းထက်**
**LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/14573, YUNDE-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကို ၁၄/ဟကက(နိုင်) ၀၃၁၁၀၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/48767, Kenbo -110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းနိုင် ၉/လဝန(နိုင်)၁၇၃၈၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၁)၊ ရေငယ်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၆၈၁-က/ရေငယ်မြောက်)၊ ဦးပိုင်အမှတ်(၃၄၄)၊ မြေယာအမှတ်(၅၂) မြေဧရိယာအကျယ်အဝန်း (၄၀x၆၀)ပေ အကွက်အမှတ်(၄) (လက်ရှိမြေပေါ်ရှိ အတိုင်းအတာ) မြေနှင့်မြေပေါ် မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး (အုတ်တံတိုင်းခတ်အပြီးအစီး)တို့ကို ဒေါ်ဆွေဆွေဦး (POLL-000456) (၅/ရဘန(နိုင်)၂၆၄၂၃၇) ထံမှ ဒေါ်အဲရီလူး (၁၃/လရန(နိုင်)၀၈၉၃၀၆)က (၂၃-၄-၂၀၁၄)နှစ်ဦးသဘောတူခြံမြေအရောင်းအဝယ် ကတိစာချုပ်အရ (အရပ်ကတိစာချုပ်)ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိခဲ့သော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ဤကြော်ငြာသည့် ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်အဲရီလူး**
**၁၃/လရန(နိုင်)၀၈၉၃၀၆**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးဇော် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၅)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ်(၁၃) ဟုခေါ်တွင်သော မြေအလျား အနံ(၄၀x၆၀)ပေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် နှစ်(၆၀)မြေငှားဂရန်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ကျော်ထွန်း ၁၄/ဇလန(နိုင်)၀၉၆၇၉၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးညီညီ ၁၂/အလန(နိုင်)၀၃၉၉၄၅မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊(၁၅)လမ်း၊(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အမှတ်(၆) ရပ်ကွက်၊ ကွင်းအမှတ်(၁၇၅-က)၊ ညောင်ငူကွင်း၊ ဦးပိုင်အမှတ် (၆၁/၂၈/၆၁/၂ဃ)၊ ဧရိယာ(၀.၁၄၆)ဧကရှိ မြို့မြေအား ဇီးပင်ကွင်းကျေးရွာအုပ်စု၊ သာပေါင်းမြို့နယ်နေ ဦးထွန်းလင်းအောင်(ဘ)ဦးမြင့်ဆန်း၊ ၁၄/သပန(နိုင်)၁၅၃၆၁၀ အသုံးပြုရန်အတွက် မြေပေးမိန့် လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက သတင်းစာကြော်ငြာသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ကန်ကြီးထောင့်မြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/1974, Honda Scoopyi-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၅/မရန(နိုင်)၁၄၆၈၈၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာမြို့)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက် ဘုမ္မာ၂လမ်း၊ အမှတ် (၆၅၁) နေ ဦးအေးသိန်း ၁၂/လကန(နိုင်) ၀၃၆၈၅၄နှင့် ဒေါ်စိုးနွယ်ထွန်း ၁၂/ဥကမ(နိုင်)၀၉၂၉၄၁တို့၏သမီး မဆုရည်နွယ် ၁၂/ဥကမ(နိုင်)၂၃၅၁၀ သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲမိဘများ၏ ခွင့်မလွှတ်နိုင်သည့် ကိစ္စများကို ကျူးလွန်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ထွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို မိဘညီအစ်ကိုမောင်နှမများက တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးသိန်း-ဒေါ်စိုးနွယ်ထွန်း**

## ရန်ကုန်တိုင်းဒေသကြီး ၊ တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ်(က) ရပ်ကွက်၊ မေဓာ္တကလမ်း၊ အမှတ်(၁၄)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၇)ထပ်တိုက်၏ မြေညီထပ်၊ တိုက်ရှေ့မျက်နှာမူလျှင်-ညာဘက်၊ အကျယ်အဝန်း(၁၂ပေခွဲx၅၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်သန်းသန်းအုံး ၁၂/တမန(နိုင်)၀၀၇၂၈၆ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးဘုန်းမြတ်သိန်း ၁၂/တမန(နိုင်)၀၉၇၅၅၇နှင့် ဒေါ်အိအိစိုး ၁၂/လသရ(နိုင်)၀၇၀၅၄၁တို့က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင် (LL.B) (စဉ် – ၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း (LL.B) (စဉ်-၂၇၀၇၅)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉။**

## အမည်ပြောင်း

(ဘ)ဦးအာကာကျော်၏သား ပခုက္ကူမြို့၊ အမှတ်(၁)ခေတ်မီ ကိုယ်ပိုင် အထက်တန်းကျောင်း GRADE-5 မှ ကျောင်းသား မောင်အောင်ခန့်ပိုင် ကို မောင်ပိုင်သုတကျော်ဟု အမည် ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ပိုင်သုတကျော်**

## ဖခင်အမည်မှန်

မြောင်းမြမြို့၊ အထက (၁)၊ G-12 (STEAMS-2)မှ ကျောင်းဝင် အမှတ် (၁၈၈၈) ကျောင်းသူ မချစ် ချစ်ဇော်၏ ဖခင်အမည်မှန်မှာ ဦးမင်းထွန်း ၁၄/မမန (နိုင်) ၁၆၅၉၄၇ ဖြစ်ပါကြောင်း။

**ဦးမင်းထွန်း**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ဝက်ထီးကန်ကျေးရွာနေ ဦးရဲကိုကို ၈/ကမန(နိုင်)၀၅၃၅၅၃ ၏ သမီး (သံဗိုလ်) မူလတန်းလွန်ကျောင်း Grade-2 မှ မခင်ချိုချိုလွင်အား မငွေရောင်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မငွေရောင်လင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20U/5142 ယာဉ်လက်ဝယ်ရှိသူ Khin Phone Yadanar Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းလက်အောက် ခရိုင်/မြို့နယ်များရှိ ဓာတ်အားလိုင်းများအတွက် ပြုပြင်ထိန်းသိမ်းရန်လိုအပ်သော 12kv 1Cx 120mm² AWO-C, 0.6/1kv 1Cx120mm² AL/XLPE, Channel, Angle ဆက်စပ်ပစ္စည်း (၅)မျိုး၊ 400V Distribution Panel & No Fuse Breaker နှင့် ဆက်စပ်ပစ္စည်း (၇)မျိုးနှင့် 11kv Dis Connecting Switch & 11kv Droup Out Fuse နှင့် ဆက်စပ်ပစ္စည်း (၄)မျိုးဝယ်ယူခြင်း တင်ဒါ(၃) ခုတို့အား မြန်မာကျပ်ငွေ(Kyat)ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၂၂-၇-၂၀၂၅ ရက် |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | ၄-၈-၂၀၂၅ရက်၊ (၁၄:၀၀)နာရီ |
| **တင်ဒါပုံစံရောင်းချ တင်သွင်းရမည့်နေရာ** | - | မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ၂၇လမ်း၊၇၇ x ၇၈ကြား ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ |

၂။ တင်ဒါပုံစံနှင့် စာရွက်စာတမ်းများကို အထက်ပါလိပ်စာတွင် သတ်မှတ်နှုန်းထားအတိုင်း ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၂-၄၀၇၃၈၀၁၊ ၀၂-၄၀၆၉၁၂၁ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**

## ကန့်ကွက်နိုင်ပါကြောင်း

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ရေကြည်မြို့၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်(၂၀၄၄-A)၊ ရေကြည်မြို့ကွင်း၊ ဦးပိုင်အမှတ် (၃၃/၃)၊ ဧရိယာ(၁.၅၀၂)ကေအနက်မှ (၀.၅၅၆)ကေရှိ မြို့မြေကို ငါးသိုင်းချောင်းမြို့၊ မြို့မရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဦးအောင်စည်သူဝင်း (၁၄/ရကန(နိုင်) ၁၁၁၇၈၀)မှ မြေပေးမိန့်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသောအထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ရေကြည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ရေကြည်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 58W/54403 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟသ်ာတမြို့)**

## ရန်ကုန်အဝေးသင်တက္ကသိုလ်
## ဘွဲ့လွန်ဒီပလိုမာသင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် ပထဝီဝင်ဌာနမှ ဦးစီး၍ Post Graduate Diploma in Geography of Tourism (PGDGT) သင်တန်းကိုOnline ဖြင့် သင်ကြားပို့ချမည် ဖြစ်ပါသည်။

၂။ အဆိုပါ ဘွဲ့လွန်ဒီပလိုမာ သင်တန်းအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်

(ခ) သင်တန်းသို့အစိုးရဌာနများနှင့် NGO များမှ ဘွဲ့ရအရာထမ်းများ၊ Tour guide နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးမှ ဘွဲ့ရအရာထမ်းများအပြင်၊ ပြင်ပ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၌ လုပ်ကိုင်နေသော ဘွဲ့ရပုဂ္ဂိုလ်များပါ လျှောက်ထားနိုင်ပါသည်။

၃။ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်းသော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **စတင်ဖွင့်လှစ်မည့်ရက်** | - | ၂၅-၇-၂၀၂၅ရက် |
| (ခ) | **သင်တန်းကာလ** | - | (၁၀) လ |
| (ဂ) | **လျှောက်လွှာစတင်လက်ခံမည့်ရက်** | - | ၂၂-၇-၂၀၂၅ရက် |
| (ဃ) | **လျှောက်လွှာပိတ်မည့်ရက်** | - | ၁၀-၈-၂၀၂၅ရက် |

၄။ သင်တန်းလျှောက်လွှာများကို ရန်ကုန်အဝေးသင်တက္ကသိုလ်၏ https:// geog.hrd.yude.edu.mm website မှတစ်ဆင့် (၂၂-၇-၂၀၂၅) ရက်မှစ၍ Online registration ပြုလုပ်၍ လျှောက်ထားနိုင်ပါသည်။

၅။ သင်တန်းဦးရေ ကန့်သတ်ထားပါသဖြင့် သတ်မှတ်ဦးရေပြည့်ပါက register ပိတ်ပါမည်။ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံပြီး Online registration အောင်မြင်သူများအား email ဖြင့် အကြောင်းကြားပါမည်။

၆။ သင်တန်းနှင့်ပတ်သက်၍ ဖုန်းနံပါတ်-၀၉-၄၂၀၁၇၁၅၆၅, ၀၉-၄၂၀၇၆၆၃၄၇, ၀၉-၅၀၅၈၃၂၂ သို့ ရုံးချိန်အတွင်းအသေးစိတ် မေးမြန်း စုံစမ်းနိုင်ပါသည်။

၇။ ဆက်သွယ်ရန်လိပ်စာမှာ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ပထဝီဝင်ဌာန၊ သထုံလမ်းတွင် ဆက်သွယ်နိုင်ပါသည်။

**သင်တန်းကြီးကြပ်မှုကော်မတီ**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**
**၄၇(က)၊အင်းယားလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

